# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်    ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ စနေနေ့၊    အတွဲ [၅၄]၊ အမှတ် [၃၄၂]

ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာမည်၏။

# မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင်ဘေးမဲ့တောထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာမျက်နှာ - ၃

ယနေ့ မာတိကာ

လာမည့်နှစ်တွင် ဆီးရီးယား ဒုက္ခသည် ၁၀၀၀၀ လက်ခံနိုင်ရန် အမေရိကန် ပြင်ဆင် စာ ၄

အများပြည်သူ ပဟိုပြုသော စတုတ္ထမြောက် ဆက်သွယ်ရေး အထူးလုပ်ငန်း ကုမ္ပဏီ (SPV) အများပိုင်ကုမ္ပဏီ ပွဲ့စည်းနိုင်ရေး သတင်းစာ ရှင်းလင်းပွဲကျင်းပ စာ ၆

## ပြည်မြို့ မြေနိမ့်ပိုင်းရပ်ကွက်အချို့ ဧရာဝတီမြစ်ရေဝင်ရောက်၍ အိမ်ထောင်စုများ ပြောင်းရွှေ့

ပြည် စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လျက်ရှိရာ မိုး/ဇလ၏တိုင်းထွာချက်အရ စက်တင်ဘာ ၁၁ ရက်နံနက်တွင် ရေအမှတ် ၂၈၃၁ စင်တီမီတာရှိပြီး ပြည်မြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၂၉၀၀ သို့ရောက်ရှိရန် ၂ ပေ ၄ လက်မခန့်သာ လိုတော့ကြောင်းသိရသည်။

စာမျက်နှာ ၆ ကော်လံ ၅ ❖



## အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပြီးပါက ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များအား ပြည်သူများသိရှိနိုင်စေရန် မီဒီယာသို့ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၁

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် အချိန်ကာလသတ်မှတ်မှုများအား ပြည်သူများသိရှိနိုင်စေရန် MPC မှ တာဝန်ရှိသူများက သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ မီဒီယာများနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားမှုအား စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

MPC၏ အထူးအကြံပေး ဦးလှမောင်ရွှေက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာမှုရှိစေရန်၊ အရင်းခံပြဿနာများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အုတ်မြစ်ချနိုင်ပြီး နောင်အစိုးရလက်ထက်တွင် ဆက်လက်အကောင်ထည်ဖော်နိုင်စေရန်တို့အတွက် NCA စာချုပ်ကို ချုပ်ဆိုရန် ဆောင်ရွက်ရခြင်းဖြစ်သည်ဟု ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

## 1st Asian Ssireum Championship နှင့် 5th World Ssireum Championship ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ရှီယွမ်အဖွဲ့ချုပ် အာရှရှီယွမ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရှီယွမ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် 1st Asian Ssireum Championship နှင့် 5th World Ssireum Championship ပြိုင်ပွဲအား ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၃၅နှစ်အောက်၊ အမျိုးသမီး ၃၀ နှစ်အောက် သတ်မှတ်ထား၍ အာရှအဆင့် အမျိုးသား ပြိုင်ပွဲတွင် (-60)Kg၊ (-70)Kg ၊ (-80)Kg နှင့်

စာမျက်နှာ ၆ ကော်လံ ၁ ■


ဒေါက်တာဒေါ်ကေသီ

**နတ်ဆေးလို့ပင်သူတင်စား 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး' အဓိမ်တိုင်းထား**

ကျွန်မအလုပ်စဝင်တဲ့ ရေနံချောင်းမြို့ဟာ အလွန်ပူပြင်းခြောက်သွေ့တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပူပြင်းသောနေဒဏ်ကြောင့် ကျွန်မပါးပြင်ပေါ်မှာ အမည်းကွက်တွေပေါ်လာသလို အညာမြေရဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်လည်း ကျွန်မပါးပြင်ပေါ်မှာ အဖြူကွက်တွေပေါ်လာခဲ့ပါတယ်။ ကျွန်မက နံ့သာဖြူသနပ်ခါးကို အရမ်းကြိုက်နှစ်သက်သူတစ်ယောက်ပါ။ 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး' ပေါ်လာတော့ ခြေဆုံးခေါင်းဆုံးလိမ်းခဲ့တာဖြင့် ကျွန်မပင်စင်ယူတဲ့ အထိပါပဲ။ ထိုသို့လိမ်းခဲ့တဲ့အကျိုးအားဖြင့် ကျွန်မမျက်နှာပေါ်က တင်းတိပ်၊ နေလောင်ကွက်တွေနဲ့ ဆောင်းရာသီ အအေးဒဏ်ကြောင့်ဖြစ်သော အဖြူကွက်များ သိသိသာသာ ပျောက်ကင်းသွားတာ ကျွန်မကိုယ်တွေ့ပါပဲ။ မြင့်မားစွာကျရောက်နေတဲ့ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့ဆိုရင် 'ရွှေပြည်နန်းသနပ်ခါး'သာ အကောင်းဆုံးဖြစ်ကြောင်း ကျွန်မကိုယ်တွေ့ဖြစ်ရပ်များဖြင့် ထောက်ခံတင်ပြအပ်ပါသည်။ ရွှေပြည်နန်းသနပ်ခါးဟာ မျက်နှာမှာ တင်းတိပ်၊ နေလောင်ကွက်နဲ့ အဖြူကွက်တွေ ပျောက်ကင်းရုံသာမက ရေချိုးပြီးတိုင်း မျက်နှာနဲ့ လက်တွေကို မထူမပါးလေးလိမ်းထားမယ်ဆိုရင်လည်း စိတ်ရောကိုယ်ပါ ကြည်လင်လန်းဆန်းမှုကို ခံစားရပါတယ်။ **ကျွန်မအတွက်ကတော့ 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး'ဟာ နတ်ဆေးတစ်ပါးပါပဲ . . .**

ဒေါက်တာဒေါ်ကေသီ၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) သတ္တဗေဒဌာန၊ စစ်တွေတက္ကသိုလ်။

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါက်တာနှင်းနိုင်စိုး၊ ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ပြည်သူ့ဆန္ဒ ပြည့်ဝပါစေ

သန်း ၅၀ ကျော်သော မြန်မာပြည်သူတစ်ရပ်လုံး၏ အဓိက ဆန္ဒနှစ်ရပ်သည်ကား တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြခြင်းပင်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းလျှင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေး၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အပြီးတိုင်လက်မှတ်ရေးထိုးရေး ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ မကြာမီကာလအတွင်း ၎င်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ကြရန် နှစ်ဖက်တာဝန်ရှိသူအသီးသီးက မျှော်လင့်ထားကြပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စက်တင်ဘာ ၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးကို ကောင်းမွန်မှန်ကန်သည့်ဆန္ဒဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန် မိမိအနေဖြင့်ဖိတ်ခေါ်ပါကြောင်း၊ ယခုစက်တင်ဘာလမကုန်မီ လက်မှတ်ရေးထိုးနိုင်ရန် ယနေ့အစည်းအဝေးတွင် မိမိတို့အားလုံးညှိနှိုင်းနိုင်ရန် မျှော်လင့်ပါကြောင်း၊ နှစ်ပေါင်းရှည်ကြာဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းရန်အတွက် လက်နက်ကိုင်နည်းဖြင့် မရနိုင်၊ စားပွဲဝိုင်းတွင် ဖြေရှင်းသည့်နည်းသာ ရနိုင်ပါသည်။ မိမိအနေဖြင့် အကြိမ်ကြိမ်အခါခါ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်သကဲ့သို့ ယနေ့သည်လည်း ထပ်မံပြောကြားလိုပါကြောင်း၊ မိမိတို့ စိတ်ရှည်သည်းခံ၊ ဇွဲရှိသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များဘက်ကလည်း စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိခဲ့သည့်အတွက် ယခုအဆင့်သို့ရောက်ရှိလာခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့်ဆက်လက်၍ စိတ်ရှည်၊ သည်းခံဇွဲရှိပြီး ပြည်ထောင်စုကြီးအကျိုးအတွက် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိအနေဖြင့် ခေါင်းဆောင်များကို ထပ်မံဖိတ်ခေါ်ပါကြောင်း၊ သို့မှသာ မိမိတို့အားလုံးဖြစ်ချင်သော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အတူတကွလက်တွဲပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နောက်ကျနေသည့်မိမိတို့တိုင်းပြည်ကြီးကို ပြည်နယ်၊ ပြည်မမခွဲခြားဘဲ အတူတူတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရန် မိမိအနေဖြင့် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေးသည် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ NCA စာချုပ်ကို အပြီးတိုင်လက်မှတ်ရေးထိုးနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြပြီဖြစ်ပါသည်။ နှစ်ပေါင်းများစွာ သွေးထွက်သံယို တိုက်ခိုက်နေမှုများကို ခါးသီးရွံမုန်းနေကြပြီဖြစ်ပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် မလုံခြုံသောပြည်သူများဘဝကို ပြည်သူအပေါင်းက စာနာသနားနေကြပါသည်။ အိမ်နီးချင်းဒေသတွင်းနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ကုန်ကြပြီဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် အဘက်ဘက်မှ ခေတ်နောက်ကျနေဆဲဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် အမြန်ဆုံးငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။

မဲဆန္ဒရှင်ပြည်သူများသွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့်မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။

မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

# ပဲခူးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်ပွဲအခမ်းအနားကျင်းပ



**ပဲခူး စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မဈေးကြီး(တတိယ)ထပ်တွင် ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ပြည်သူများ စုစုပေါင်း ၁၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် အမှာစကားပြောကြားရာတွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုများပေးနိုင်ရန်၊ လျင်မြန်ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများဦးစီးဌာနအလိုက် အပြန်အလှန်အထောက်အကူပြု ထိန်းကျောင်းမှုပြုလုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ကော်မတီအဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များကို ထူထောင် ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



(၄၇)ကြိမ်မြောက် ဆေးတက္ကသိုလ်(၂)ရန်ကုန် ဘွဲ့နှင်းသဘင် အခမ်းအနားကို စက်တင်ဘာလပထမပတ်က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်ပါမောက္ခဒေါက်တာ အေးအောင်က မဟာန်နီသော်အား ဆေးပညာဘွဲ့လက်မှတ် အပ်နှင်းစဉ်။ (မြန်မာ့အလင်း)

## ပဉ္စမအကြိမ်မြောက် သွေးရောဂါပညာနှီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့ကကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် သွေးရောဂါပညာနှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်များတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားပြီး တက်ရောက်လိုသူများအနေဖြင့် ပါမောက္ခ ဒေါ်ချိုချိုညွန့် (ရောဂါဗေဒဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ တွဲဖက်ပါမောက္ခ ဒေါ်အေးအေးခိုင် (သွေးနှင့်ကင်ဆာရောဂါအထူးကုဌာန၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ ဒေါက်တာ ခိုင်ရွှေဝါပွင့် (သွေးရောဂါအထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာ ခင်သီတာထွဋ်(သွေးရောဂါအထူးကုဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး) တို့ထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၉၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၉ |
| ဥရောပ | တစ်ယူရို | ၁၄၂၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၅.၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၃၅ |
| တရုတ် | တစ်ယွမ် | ၂၀၀.၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၂၈ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင်ဘေးမဲ့တောထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် Four Paws International ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဟဲမက်ဒန်ကာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရေဘေးသင့်သည့် နေရာဒေသများ၌ တိရစ္ဆာန်များကို ကယ်ဆယ်စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိနေသည့် လုပ်ငန်းအခြေအနေဆိုင်ရာများ၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင်ဘေးမဲ့တော ထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးအေးမြင့်မောင်နှင့် ဒေါ်စုစုလှိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း Four Paws International ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဟဲမက်ဒန်ကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှု အသင်းချုပ် (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် မိုးလေဝသ ပညာရှင် ဦးထွန်းလွင်၊ စာရေးဆရာ ဦးရင်လှ၊ သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဦးသန်းနွယ်နှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့က "ကျွန်ုပ်တို့တိုင်းပြည်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့ အနာဂတ်" ခေါင်းစဉ်ဖြင့် ဟောပြောကြမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ကိုချစ်**

● ***ရှေ့ဖုံးမှ***

MPC ၏ အပစ်အခတ်ရပ်စဲရေး ပူးတွဲညှိနှိုင်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၏ ပြောကြားချက်အရ NCA စာချုပ် လက်မှတ်ထိုးပြီးနောက် နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် အကောင်ထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နှစ်ဖက်ကိုယ်စားလှယ်များက ခေါ်ယူရမည်ဖြစ်သည်။

ယင်းအစည်းအဝေးတွင် အစိုးရ၊ တိုင်းရင်းသားများနှင့် လူထုကိုယ်စားလှယ်များ ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းရမည်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာ ကိစ္စရပ်များကို JMC က အဓိကဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များကို UPDJC က အဓိကဆောင်ရွက်မည်ဖြစ်သည်။

ဒေါက်တာမင်းဇော်ဦးက "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သဘောသဘာဝက နိုင်ငံရေးသဘောတူညီမှုတွေမရမချင်း အပစ်အခတ်ရပ်စဲထားတဲ့ အဆင့်တစ်ခုတည်းနဲ့ ဘယ်တော့မှ နှစ်ဖက်ယုံကြည်မှုကို ၁၀၀ ရာခိုင်နှုန်း ရရှိမှာမဟုတ်သေးဘူး။ အနာဂတ်မှာ ဘယ်လိုအပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ထွန်းမှုတွေ ဖြစ်လာမလဲဆိုတာကို အခြေခံပြီးလုပ်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ NCA ရဲ့ တန်ဖိုးက လက်မှတ်ထိုးတာထက် ငြိမ်းချမ်းရေးဖြစ်စဉ် ဘယ်လောက်အောင်မြင်လဲ၊ မအောင်မြင်လဲဆိုတာကို NCA လက်မှတ်ထိုးထားတဲ့အချက်တွေကို ဘယ်လောက်အကောင်အထည်ဖော်နိုင်လဲ၊ ဘယ်လို ယုံကြည်မှု တည်ဆောက်နိုင်လဲ ဆိုတာအပေါ် မူတည်တယ်" ဟု NCA စာချုပ်တွင်ပါဝင်သည့် အခန်းများနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ထည့်သွင်းပြောကြားသည်။

NCA စာချုပ်တွင် အခန်း(၇)ခန်းနှင့် အပိုဒ်(၃၃)ပိုဒ် ပါဝင်သည်။ NCA စာချုပ်သည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်နိုင်မည့်လမ်းကြောင်းကို အုတ်မြစ်ချပေးကာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် ယန္တရားများကို တပ်ဆင်ပေးခြင်းပင်ဖြစ်သည်။ NCA စာချုပ်ထဲတွင် စစ်ရေးဆိုင်ရာ ၅၅ ချက်၊ နိုင်ငံရေးဆိုင်ရာ ၃၅ ချက်နှင့် အခြား ၂၃ ချက် ပါဝင်သည်။

အခန်း(၁)နှင့် (၂)ရှိ အခြေခံမူနှင့် ဦးတည်ချက်၊ ရည်ရွယ်ချက်များ အခန်းတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရန်ဆိုသည့် အချက်ကို နှစ်ဖက်က သဘောတူထားခြင်း ဖြစ်ကြောင်း သိရသည်။ NCA ၏ အဓိကအနှစ်သာရသည် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းသာမက ငြိမ်းချမ်းရေးဖြစ်စဉ်မှတစ်ဆင့် အနာဂတ်နိုင်ငံတော်ကို မည်ကဲ့သို့ ပုံဖော်ကြမည်ကို နှစ်ဖက်သဘောတူထားခြင်းပင် ဖြစ်သည်။

အခန်း(၃) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များတွင် နှစ်ဖက်တပ်များ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ပြည်သူလူထုကို အကာကွယ်ပေးရေးကိစ္စများကို နှစ်ဖက်သဘောတူညီချက်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ Code of Conduct သည် သီးသန့်ရေးသားခြင်းမဟုတ်ဘဲ အခန်း(၃)၌ ဥပဒေအသုံးနှုန်းဖြင့် ရေးသားထားသည်များကို သာမန်အရေးအသားဖြင့် ပြန်လည်ရေးသားထားသည့် စာရွက်စာတမ်းပင်ဖြစ်သည်။

အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်ခြင်းတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကို တည်ထောင်ခြင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်ရေးသားထားသည်။

အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များအရ ငြိမ်းချမ်းရေး ဖြစ်စဉ်ကာလတစ်လျှောက် လုပ်ဆောင်မည့် လမ်းပြမြေပုံ (Road Map) ချမှတ်ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု ပူးတွဲကော်မတီ(UPDJC) ကို ဖွဲ့စည်း၍နိုင်ငံရေး ဆွေးနွေးပွဲများကို ကြီးကြပ်ထိန်းသိမ်းရန် မူဝါဒချမှတ်မှုများ ပြုလုပ်မည် ဖြစ်သည်။

အခန်း(၆ - ၇) ရှေ့ဆက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် အထွေထွေတွင် စီးပွားရေး၊ သယံဇာတ၊ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာ ကိစ္စရပ်များကိုဖြေရှင်းနိုင်ရန် ထားရှိသည့် ကြားကာလအစီအစဉ်၊ မတရားအသင်းမှ ပယ်ဖျက်မည့် သဘောတူညီမှုအစီအစဉ်၊ အသွင်ကူးပြောင်းရေးကာလအတွင်း ညှိနှိုင်းဆောင်ရွက်မည့် အချက်များကို အသေးစိတ် ရေးသားထားခြင်း ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်တွင် MPC ၌ ပြုလုပ်သည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် Myanmar Peace Centre မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် ဒါရိုက်တာများ ဖြစ်ကြသော ဒေါက်တာမင်းဇော်ဦး၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်၊ ဦးကျော်စိုးလှိုင်၊ ဦးတင်အောင်မိုး တို့က သက်ဆိုင်ရာတာဝန်အလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

စက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံရေးပါတီများနှင့် စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံတကာသံတမန်များအား UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက (NCA) လက်မှတ်ရေးထိုးပြီးနောက် ရှေ့ဆက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို ရန်ကုန်မြို့ MPC ၌ တွေ့ဆုံရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဖိုးထောင်**



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းနှင့် အချိန်ကာလသတ်မှတ်မှုများအား ပြည်သူများသိရှိနိုင်ရန် MPC မှ တာဝန်ရှိသူများက သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းစဉ်။**

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးပါက ရက်ပေါင်း(၉၀)အတွင်း လုပ်ဆောင်သွားမည့်အစီအစဉ်များ

| | | |
|---|---|---|
| ၂၄ နာရီ အတွင်း | ❖ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ<br>❖ နှစ်ဖက်သက်ဆိုင်ရာတပ်မှူးများ အကြောင်းကြားရန် | ❖ နှစ်ဖက်တပ်များ (တပ်မှူးများ) |
| (၅)ရက် | ❖ NCA အား အဆင့်ဆင့်သို့ ရှင်းလင်းအသိပေးရန် | ❖ နှစ်ဖက်တပ်များ (တပ်မှူးများ) |
| (၁၄)ရက် | ❖ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်အကောင်ထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)<br>❖ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)<br>❖ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC)<br>❖ တိကျသောအချိန်ဇယားချမှတ်ခြင်း | ❖ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ<br>❖ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူ စာချုပ် အကောင်ထည်ဖော်မှု ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) |
| (၃၀)ရက် | ❖ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ စောင့်ကြည့်ရေးကော်မတီလုပ်ငန်းလမ်းညွှန် | ❖ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) |
| (၆၀)ရက် | ❖ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရေးဆွဲခြင်း | ❖ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) |
| (၉၀)ရက် | ❖ နိုင်ငံရေးဆွေးနွေးပွဲများစတင်ခြင်း | ❖ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) |

## မော်လိုက်ခရိုင် ရေဘေးသင့်ကျေးရွာများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဩဂုတ်လကုန်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ချင်းတွင်းမြစ်ကမ်းနံဘေးရှိ မြို့ရွာများ၌ ရေဘေးသင့်မှုများ ဖြစ်ပေါ်ခဲ့သည်။

စက်တင်ဘာ ၁၀ ရက်က မော်လိုက်မြို့နယ်အတွင်းမှ ရေဘေးသင့်ကျေးရွာများဖြစ်သည့် တွန်းပင်ကျေးရွာအုပ်စု၊ မုတ်ဦးကျေးရွာအုပ်စုနှင့် အော်ဇီးခုံကျေးရွာအုပ်စုများသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းသွားရောက်ကြပြီး ဆန်၊ ရေသန့်ဘူး၊ မျက်နှာသုတ်ပဝါများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တူရကီစစ်လေယာဉ်များ ပီကေကေသူပုန်စခန်းများကို ဗုံးကြဲ

**ဒိုင်ယာဘာလီယာ(တူရကီ) စက်တင်ဘာ ၁၁**

တူရကီစစ်လေယာဉ်များက ယမန်နေ့ညပိုင်းက အီရတ်မြောက်ပိုင်းရှိ ကာဒစ္စတန်အလုပ်သမားများပါတီ(ပီကေကေ)မှတပ်ဖွဲ့ဝင်တို့အား ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ရိုက်တာသို့ပြောသည်။

တူရကီအရှေ့တောင်ပိုင်း၌ ပဋိပက္ခများ အရှိန်မြင့်တက်လာချိန် အဆိုပါ စစ်သွေးကြွများအား နေ့စဉ် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေပြီး ယင်းတိုက်ခိုက်မှုမှာ နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

ပီကေကေနှင့် တူရကီအစိုးရတို့အကြား ဇူလိုင်လ အပစ်အခတ်ရပ်စဲရေး စာချုပ်ပျက်ပြယ်ခဲ့ပြီးနောက် နှစ်ဖက်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ရာ ရာနှင့်ချီသော စစ်သွေးကြွများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည်။ ဆယ်စုနှစ်သုံးခုကြာ ပဋိပက္ခအဆုံးသတ်ရန် ၂၀၁၂ ခုနှစ်က ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုခဲ့ကြသော်လည်း ပျက်ပြယ်ခဲ့ရသည်။ စစ်လေယာဉ် ၁၅ စင်းထက်မနည်း အီရတ်မြောက်ပိုင်း ပီကေကေတို့ နေထိုင်ရာ ကွမ်ဒေးလ်၊ ဇက်နှင့် အဗာရှင်းတောင်တန်းဒေသကို ညသန်းခေါင်ယံမတိုင်မီကတည်းက ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

## လာမည့်နှစ်တွင် ဆီးရီးယားဒုက္ခသည် ၁၀၀၀၀ လက်ခံနိုင်ရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် လာမည့်ဘဏ္ဍာနှစ်အတွင်း ဆီးရီးယားဒုက္ခသည် ၁၀၀၀၀ လက်ခံသွားရန် ၎င်း၏အစိုးရအဖွဲ့နှင့် တိုင်ပင်ခဲ့ကြောင်း အိမ်ဖြူတော် သတင်းရပ်ကွက်က ဆိုသည်။ အောက်တိုဘာလ ၁ ရက်နေ့တွင် ၂၀၁၆ ဘဏ္ဍာရေးနှစ် စတင်မည်ဖြစ်သည်။

လာမည့်နှစ်တွင် ဒုက္ခသည်များကို အချိုးကျလက်ခံသွားရန် သမ္မတက ၎င်း၏အစိုးရအဖွဲ့ကို ညွှန်ကြားထားပြီး ဆီးရီးယားဒုက္ခသည် ၁၀၀၀၀ ကို လက်ခံ နိုင်ရန်အတွက် ပြင်ဆင်မှုများပြုလုပ်ထားရန် ညွှန်ကြားခဲ့သည်ဟု အိမ်ဖြူတော်မှ ပြန်ကြားရေးအရာရှိ ဂျိုးဆက်အားနက်(စ်)က သတင်းထောက်များကို ပြောကြားသည်။ ဆီးရီးယားနှင့် အခြားသောတိုင်းပြည်များမှ ထွက်ပြေးလာသော ဒုက္ခသည်များအရေးကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းမှုများပြုလုပ်ရန် နှောင့်နှေးကြန့်ကြာခဲ့သည့်အတွက် သမ္မတအိုဘားမားနှင့် ၎င်း၏အစိုးရအဖွဲ့ကို ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေသူများက ပြင်းထန်စွာဝေဖန်လျက်ရှိသည်။

အမေရိကန်နိုင်ငံသည် ဗြိတိန်နိုင်ငံထက် အဆပေါင်းများစွာ ကျယ်ပြန့်သော်လည်း ဒုက္ခသည်အရေးအတွက် အနည်းငယ်သာ လက်ခံထားရှိမှုအပေါ် မေးမြန်းချက်ကို ဂျိုးဆက်အားနက်(စ်)က အခြေခံဆေးဝါး၊ အဝတ်အထည်၊ အစားအသောက်နှင့် သောက်သုံးရေကို ထောက်ပံ့ပေးနိုင်မှုအပေါ် မူတည်၍ ဆီးရီးယားဒုက္ခသည်များကို အချိုးကျလက်ခံသွားခြင်းဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## ပထမဆုံးမွေးဖွားသည့် အမျိုးသမီးများ အဝလွန်ခြင်း ပိုမိုဖြစ်ပွားနိုင်

**ဝယ်လင်တန် စက်တင်ဘာ ၁၁**

ပထမဆုံးမွေးဖွားလာသည့် သမီးဦးများသည် ၎င်းတို့၏ညီမများထက် ကိုယ်ခန္ဓာအလေးချိန်တိုးလာခြင်း သို့မဟုတ် အဝလွန်ခြင်းများပိုမိုဖြစ်ပွားနိုင်ခြေရှိကြောင်း ဆွီဒင်နိုင်ငံသား သိပ္ပံပညာရှင်များ ပါဝင်သော နယူးဇီလန်လေ့လာမှုတစ်ခုက ဖော်ပြခဲ့သည်။

အောက်ကလန်တက္ကသိုလ်လစ်ဂင်းစ်အင်စတီကျူက ဦးဆောင်ပြုလုပ်ခဲ့သော လေ့လာမှုကအမျိုးသမီးများကြား အဆိုပါပုံစံကိုအများအပြား တွေ့ရသကဲ့သို့ ပထမဆုံးမွေးဖွားသူများသည် ၃၀ ရာခိုင်နှုန်းနီးပါး ကိုယ်အလေးချိန်များနိုင်ခြေရှိကြောင်း တွေ့ရှိရပြီး ၄၀ ရာခိုင်နှုန်းမှာ ဒုတိယမြောက်မွေးဖွားသော ညီမများထက် အဝလွန်ခြင်း ပိုမိုဖြစ်ပွားနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

တွေ့ရှိမှုများကို ခြုံငုံပြီးပြောရမည်ဆိုလျှင် ပထမဆုံးမွေးဖွားသည့် ယောက်ျားလေးနှင့် မိန်းကလေးနှစ်ဦးစလုံးမှာ ဒုတိယမြောက်မွေးဖွားသော ကလေးများထက် အဝလွန်သည့်အန္တရာယ်ကို ပို၍ရင်ဆိုင်ရနိုင်ကြောင်း ပါမောက္ခဝိန်းကပြောခဲ့သည်။ **(ဆင်ဟွာ)**

## ဂျပန်အရှေ့ပိုင်း ရေကြီးမှု သုံးဦးသေဆုံး၊ ၂၃ ဦးပျောက်ဆုံး



**တိုကျို စက်တင်ဘာ ၁၁**

ဂျပန်နိုင်ငံတွင် စံချိန်ချိုး မိုးရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများဖြစ်ပွားပြီး လူသုံးဦးသေဆုံးကာ ၂၃ ဦး ပျောက်ဆုံးနေကြောင်း ဂျပန်နိုင်ငံ အရှေ့ဘက်ဒေသရှိ အရာရှိများက ပြောသည်။

ကယ်ဆယ်ရေးလုပ်သားများသည် ပျောက်ဆုံးနေသူများကို ရှာဖွေနေကြောင်း ပျောက်ဆုံးသူ ၂၂ ဦးမှာ ဂျပန်နိုင်ငံမြောက်ဘက် အီဘရာ ကီဒေသ ဂျိုဆိုမြို့မှဖြစ်ကြောင်း သိရသည်။

မြို့တော်အရာရှိများက လူ ၂၅ ဦး ပျောက်ဆုံးနေကြောင်း၊ နောက်ပိုင်းတွင် ပျောက်ဆုံးနေသူများမှ လူသုံးဦးနှင့် အဆက်အသွယ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ အခြားပျောက်ဆုံးသူ တစ်ဦးမှာ မီရာဂီဒေသ ကူရီဟာရာမြို့မှဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## ဗန်ကောက်ဗုံးခွဲကြိုးကိုင်သူ ဘင်္ဂလားဒေ့ရှ်မှ တရုတ်နိုင်ငံသို့ ထွက်ပြေးသွားပြီဟုဆို



**ဗန်ကောက် စက်တင်ဘာ ၁၁**

လွန်ခဲ့သည့်လက ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်၌ ဗုံးခွဲတိုက်ခိုက်မှု ကြိုးကိုင်သူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၂ ရက်ကြာ နေထိုင်ပြီးနောက် တရုတ်နိုင်ငံသို့ ထွက်ပြေးသွားကြောင်း၊ မလေးရှားနိုင်ငံတွင် အဆိုပါသံသယရှိ အမျိုးသားသည် ဖောက်ခွဲရန်ကြိုးစားမှုမှာ မအောင်မြင်ခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သော ဩဂုတ် ၁၇ ရက်က ဗန်ကောက်မြို့ ဟိန္ဒူဘုရားကျောင်း ဗုံးပေါက်ကွဲမှုတွင် နိုင်ငံခြားသား ၁၄ ဦးအပါအဝင်လူပေါင်း ၂၀ သေဆုံးခဲ့သည်။ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း ရဲအဖွဲ့ကပြောသည်။

ဒါကာမှပေကျင်းသို့ ဩဂုတ် ၃၀ ရက်တွင် မထွက်ခွာမီ ဗုံးဖောက်ခွဲမှု ကြိုးကိုင်သူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နှစ်ပတ်ကြာနေထိုင်ခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့က ယူဆထားသည်။

"ကျွန်တော်တို့အနေနဲ့ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနနှင့်အတူ သံသယရှိသူရဲ့ အမည်၊ ရောက်ရှိတဲ့ ရက်စွဲ၊ ပတ်စ်ပို့နံပါတ်တို့ကို စစ်ဆေးခဲ့ပါတယ်"ဟု ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးမှူးချုပ် အေကေအမ်ရှာဟီဒူလ်ဟိုကေးက ပြောသည်။

နိုင်ငံကူး လက်မှတ်ပေါ်တွင် အဆိုပါအမျိုးသား၏ အမည်မှာ အဘူဒူစတာအဗ္ဗဒူလ်ရာမန်ဟု ဖော်ပြထားကြောင်း၊ သံသယရှိသူ၏ဟိုတယ်ကိုရှာဖွေနေကြကြောင်း ဟိုကေးက ထပ်လောင်းပြောဆိုသည်။ သို့ရာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာမှတ်ချက်ပြုပြောဆိုခြင်းမရှိဟု ဆိုသည်။

**(ရိုက်တာ)**



## ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ၁၄ နှစ်နီးပါး ထောင်ဒဏ်ချ

**ကရာကာ့စ် စက်တင်ဘာ ၁၁**

၂၀၁၄ အစိုးရဆန့်ကျင်လှုပ်ရှား ဆန္ဒပြသူများကို သွေးထိုးလှုံ့ဆော်ပေးသောကြောင့် အကြမ်းဖက်မှုများဖြစ်ပွားကာ လူ ၄၀ ဦး သေဆုံးခဲ့သည့်အတွက် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် လီယိုပေါ်ဒိုလိုပက်ဇ်ကို စက်တင်ဘာ ၁၀ ရက်က ထောင် ၁၄ နှစ်နီးပါး ချမှတ်ခဲ့သည်။

အစောင့်အကြပ်များထူထပ်သော တရားစီရင်ရေးဌာနတွင် တရားသူကြီးစူစန် နာဘာရီဂို့စ်က လွန်ခဲ့သောနှစ်ဖေဖော်ဝါရီလကဖမ်းဆီးခဲ့သော အသက် ၄၄ နှစ်ရှိပြီဖြစ်သော လိုပက်ဇ်ကိုအမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် သုံးလကြာ အကြမ်းဖက်မှုနှင့်လမ်းများပေါ် ဆူပူအုံကြွမှုများပြုလုပ်ရာ၌ အဓိကကြိုးကိုင်ခဲ့သူအဖြစ် စွဲချက်တင်ခံခဲ့ရသည်။

လိုပက်ဇ်သည် မာဒူရိုအစိုးရကို ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြရန် ပန်ကြားခဲ့သော်လည်း ဆူပူအုံကြွမှုဖြစ်နေစဉ်အတွင်း ၎င်းကိုထောင်ထဲထည့်ထားသည်။ အစိုးရရှေ့နေများက ၎င်း၏မိန့်ခွန်းသည် စိတ်ကိုနူးညံ့သိမ်မွေ့စွာ ပြောင်းလဲပြီး အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေကြောင်း ပြောခဲ့သည်။ ၎င်းကို ရာမိုဗာဒ်စစ်အကျဉ်းထောင်သို့ လွှဲပြောင်းပြီး ထောင်ဒဏ် ၁၃ နှစ်နှင့်ကိုးလ ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။

**(ရိုက်တာ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အစ္စရေးနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Moshe Ya'alon ၏ ဖိတ်ကြားချက်အရ အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး စက်တင်ဘာ ၉ ရက် ညပိုင်းတွင် တဲလ်အဗီးမြို့ Ben Gurion အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Zohar Zonshine တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံသို့ရောက်ရှိစဉ် အစ္စရေးနိုင်ငံသမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ အစ္စရေးတပ်မတော်စစ်ဦးစီးချုပ်နှင့် သက်ဆိုင်ရာဌာနများမှ အဆင့်မြင့်အရာရှိကြီးတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဒေသတွင်းအခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များနှင့် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်မောင်မောင်အေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် မိုးအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် မောင်မောင်ကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာများ၏ရေးသားထုတ်လွှင့်ဖော်ပြမှုများအပေါ်များစွာတည်မှီ

ရန်ကုန် စက်တင်ဘာ ၁၁

**လွတ်လပ်သော ရွေးကောက်ပွဲများဆိုင်ရာ အာရှကွန်ရက် (ANFREL)က ကျင်းပသည့် Myanmar Editors' Forum ကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ANFREL မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူ ၆၀ တက်ရောက်ကြသည်။** (အောက်ပုံ)




အစီအစဉ်အရ ANFREL မှ Mr. Damaso Magbual နှင့် မြန်မာဂျာနယ်လစ် ကွန်ရက်မှ ဦးဇေယျာလှိုင်တို့က ဖိုရမ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပရန် ကြေညာထားပြီး နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှလည်း နိုင်ငံရေးပါတီများ၏ မူဝါဒများကို ထုတ်လွှင့်ဖော်ပြပေးလျက်ရှိကြောင်း၊ ပြည်သူလူထုကလည်း ၎င်းတို့ ရွေးချယ်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပါတီများ၏ မူဝါဒများအပေါ် အခြေခံပြီး မိမိနယ်မြေဒေသနှင့် နိုင်ငံတော်အကျိုးအတွက် မည်သူတွေက ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုသည်ကို နှိုင်းယှဉ်လေ့လာနေကြမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ဆိုသည်မှာ ပြည်သူလူထု၏ အချုပ်အခြာအာဏာကို နိုင်ငံအဝန်းပျံ့နှံ့စေရန်အတွက် လူထုကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ပြီး လူထုကိုယ်စား လွှတ်တော်အတွင်း ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်နိုင်ရန် လူထုဆန္ဒအရ ရွေးချယ်တင်မြှောက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် အလွန်ပင်အရေးကြီးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထမ်းဆောင်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အရည်အချင်းရှိသည့် လူတော်လူကောင်းများဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထုကလည်း လူတော်လူကောင်းများကို နှလုံးသားနှင့်ဦးနှောက် ပေါင်းစပ်ပြီး ရွေးချယ်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ရွေးချယ်နိုင်ရန် မီဒီယာများသည် ပါတီများ၏မူဝါဒများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်း၊ ဟောပြောကတိပြုချက်များကို ထုတ်လွှင့်ဖော်ပြရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် မျှမျှတတ ဖော်ပြရန်လိုကြောင်း၊ လူထုအနေဖြင့် မှန်မှန်ကန်ကန်ရွေးချယ်နိုင်ရန် မီဒီယာများက မှန်မှန်ကန်ကန် သတင်းပေးရန်လိုကြောင်း။

စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းကပ်ထား ကြေညာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရာနှုန်းပြည့် ပူးပေါင်းဆောင်ရွက်ရေးအတွက် မီဒီယာများက တက်တက်ကြွကြွ အသိပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်း အောင်မြင်စွာ ကျင်းပနိုင်ရေးသည် လွန်စွာအရေးကြီးရာ မီဒီယာများ၏ ရေးသားထုတ်လွှင့် ဖော်ပြမှုများ အပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ပြီး မှန်မှန်ကန်ကန်မျှမျှတတ ရေးသားထုတ်လွှင့်ဖော်ပြမှုသာ အထောက်အကူပြုမည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နော်ဝေသံအမတ်ကြီး H.E. Ms. Ann Ollestad က ရွေးကောက်ပွဲအတွက် မီဒီယာများ၏ အခန်းကဏ္ဍ အရေးကြီးပုံနှင့် မီဒီယာများ၏ သတင်းဖော်ပြချက်များသည် နိုင်ငံတစ်ခုအတွက် အဆိုးအကောင်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးနှင့် မီဒီယာများ၏ကဏ္ဍ မြှင့်တင်ရေးအတွက် ကူညီဆောင်ရွက်လျက် ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ရွေးကောက်ပွဲများဆိုင်ရာ အစီရင်ခံခြင်းနှင့်စပ်လျဉ်း၍ Ms. Suhasini Haider နှင့် Mr. Hamzirwan Hamid တို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းကြသည်။ **(သတင်းစဉ်)**

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ အထူး သက်သာစွာရောင်းချပေးသောအစီအစဉ်
၉-၉-၂၀၁၅ မှ ၉-၁၀-၂၀၁၅ အထိသာ
ရွှေထည်၊ စိန်ထည် လက်ဝတ်ရတနာများအား အထူးသက်သာသော အလျှော့တွက် နှုန်းထားဖြင့် ရောင်းချပေးနေပါသည်။
အလျှော့တွက် မပါသော ရွှေ လက်ဝတ်ရတနာ ဒိုးထည်များ ရောင်းချပေးနေပါသည်။
အလျှော့တွက် မပါသော စိန်ဖိုး နှင့် ရွှေဖိုး သာပေးရမည့် စိန်ဒိုးထည်များအားလည်း ရောင်းချပေးနေပါသည်။
ဗုဒ္ဓဂယာဘုရားဖူးကံစမ်းမဲများဖြင့် ကုသိုလ်ပြုနေပါသည်။
ရတနာသည်သင့်အတွက်ထာဝရ
ရတနာစုလိုက ရွှေဥရာစုသစ် သို့ကြွခဲ့ပါ
ကံစမ်းမဲများရယူရင်း ပျော်ရွှင်စွာ လေ့လာကြည့်ရှုဝယ်ယူအားပေးနိုင်ရန် လေးစားစွာဖိတ်ခေါ်ပါသည်။
အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃-လမ်းနှင့် ဗိုလ်ရွဲလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၄၂၁၀၂၉၉၉

# အများပြည်သူပဟိုပြုသော စတုတ္ထမြောက်ဆက်သွယ်ရေးအထူးလုပ်ငန်းကုမ္ပဏီ (SPV) အများပိုင်ကုမ္ပဏီဖွဲ့စည်းနိုင်ရေး သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြို့ပြနှင့် ကျေးလက်ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် ဈေးနှုန်းချိုသာပြီး ပိုမိုကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်မည့် စတုတ္ထမြောက်ဆက်သွယ်ရေးအထူးလုပ်ငန်းကုမ္ပဏီ(Special Purpose Vehicle) အများပိုင်ကုမ္ပဏီဖွဲ့စည်းရန် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးရုံးတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**



စတုတ္ထမြောက် ဆက်သွယ်ရေး အထူးလုပ်ငန်းကုမ္ပဏီ (Special Purpose Vehicle) ဖွဲ့စည်းပြီးပါက ဆက်သွယ်ရေးကဏ္ဍတွင် ပြည်သူများ စိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်ရန်နှင့် အထူးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန်အတွက် နောက်ဆုံးဝန်ဆောင်မှုအနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားမည်ဟု သိရသည်။

ပွင့်လင်းမြင်သာစွာဖြင့် ဈေးကွက်ဖော်ဆောင်ပေးပြီး သုံးစွဲသူနှင့် ဝန်ဆောင်သူများ စိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်ရန် နိုင်ငံတော်၏မူဝါဒများအတိုင်း စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရယူသုံးစွဲမည့်လုပ်ငန်းကုမ္ပဏီ ဖွဲ့စည်းရေးအတွက် အဆိုပြုတင်သွင်းရန် ၂၀၁၅ ဇူလိုင်သတင်းတွင် တင်ဒါခေါ်ယူခဲ့ပြီး ဩဂုတ်လတွင် အများပိုင်ကုမ္ပဏီများ ရွေးချယ်ရေးအဖွဲ့က သတ်မှတ်ထားသည့် critiers များနှင့် ရွေးချယ်ခဲ့ကြောင်း အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အထူးလုပ်ငန်း (Special Purpose Vehicle)ဖွဲ့စည်းရေးတွင် ပါဝင်မည့် အများပိုင်ကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ် အများပိုင်ကုမ္ပဏီများ၏ စည်းကမ်းချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် စည်းကမ်းချက်များကို နိုင်ငံခြား Consultant များ၊ ပညာရှင်များဖြင့် ဆွေးနွေးပြီး ယခုလအတွင်း ထုတ်ပြန်ကြေညာသွားမည်ဟု အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက ပြောသည်။

ဆက်သွယ်ရေးလုပ်ငန်း သုံးခုဖြစ်သည့် ယခင် MPT၊ ၂၀၁၄ ခုနှစ် မတ်လတွင် Telenor 3G စနစ်ကို တရားဝင် ဝန်ဆောင်မှုပေးခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက်က Ooredoo ဝန်ဆောင်မှုပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လ စာရင်းအရ သတင်းအချက်အလက် ရရှိမှု ၆၁ ရာခိုင်နှုန်းကျော်အထိ တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်ပြီး ယခု SPV များ ယခုနှစ်ကုန်တွင် စတင်ပါက ပြည်သူများ ကျေးလက်ဒေသပါမကျန် သတင်းအချက်အလက်များကို ပိုမိုရရှိခံစားရမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တဩဘာသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကုက္ကိုဂွအုပ်စု ကြွယ်ဘုံကျေးရွာ ကြွယ်ဘုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသဆရာတော်သည် သက်တော်(၉၄)နှစ် သိက္ခာတော် (၇၄)ဝါအရ ၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ စက်တင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

မြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းဖြစ်သော နဝင်း၊ ဖိုးခေါင်၊ ချောင်းနားတန်းရပ်ကွက်များရှိ လူနေအိမ် ၁၀၀ကျော်သို့ မြစ်ရေများ ဝင်ရောက်လျက်ရှိပြီး လက်ရှိအခြေအနေတွင် အဆိုပါရေဝင်ရောက်မှုရှိသောနေအိမ်များမှ ပြောင်းရွှေ့ရန်လိုအပ်သော အိမ်ထောင်စုများကို နဝင်းရပ်ကွက် ရွှေပလ္လင်မော်ဓမ္မာရုံနှင့် ဝါဆိုကျောင်းတို့၌ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရွှေ့ပြောင်းနေရာချထားပေးမှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် လူ၊ တိရစ္ဆာန်နှင့်အခြားပစ္စည်းတစ်စုံတစ်ရာထိခိုက်ဆုံးရှုံးမှုမရှိကြောင်းနှင့်ဝါဆိုကျောင်း၌ အိမ်ထောင်စု ၉၀ ခန့်နှင့် ရွှေပလ္လင်မော်ဓမ္မာရုံ၌ အိမ်ထောင်စု ၄၀ ခန့်ကို ရေဘေးကင်းလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

■ *ရှေ့ဖုံးမှ*

(-90)Kg ဝိတ်တန်းလေးမျိုးကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် (-50)Kg၊ (-60)Kg၊ (-70)Kg ဝိတ်တန်းသုံးမျိုးကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့အဆင့် အမျိုးသားပြိုင်ပွဲတွင် (-70)Kg၊ (-80)Kg၊ (-90)Kg နှင့် (-100)Kg၊ (-100.1-120)Kg ဝိတ်တန်းငါးမျိုးကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် (-50)Kg၊ (-60)Kg၊ (-70)Kg ဝိတ်တန်းသုံးမျိုးကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို နိုင်ငံပေါင်း ၂၂ နိုင်ငံမှ လက်ရွေးစင်ကစားသမားများ ၃၀၀ ခန့်လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီးအားကစားဝါသနာရှင်အားလုံး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံဆရာဝန်အသင်း ကင်ဆာရောဂါပညာရပ်ဆိုင်ရာအဖွဲ့နှင့် ပူးပေါင်းပြီး ၂၀၁၅ ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ (1st Joint Cancer Forum, Myanmar 2015)ကို အောက်တိုဘာ ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ် (Sule Shangri-La Hotel)၌ ကျင်းပမည်။

ဆွေးနွေးပွဲကို ကင်ဆာရောဂါ စောစီးစွာတွေ့ရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီထိရောက်စွာ ကုသမှုခံယူစေခြင်းဖြင့် ကင်ဆာရောဂါကုသမှု ပိုမိုအောင်မြင်စေနိုင်ကြောင်း ကျန်းမာရေးဝန်ထမ်းများ ပိုမိုဂရုပြုမိလာစေရန် ရည်ရွယ်၍ **“စောစီးစွာတွေ့ရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကုသမှုခံယူစေခြင်းဖြင့် ကင်ဆာရောဂါကုသ အောင်မြင်စေနိုင်သည်”** ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ကင်ဆာရောဂါလူနာများအား ဆေးကုသရာတွင် အတူပူးပေါင်းဆောင်ရွက်ရသော ကင်ဆာဆေးပညာ၊ ကင်ဆာဓာတ်ရောင်ခြည်ပညာ၊ ရောဂါဗေဒပညာ၊ ဓာတ်မှန်ပညာ၊ အထွေထွေဆေးကုပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာနှင့် ကလေးဆေးပညာ စသည့်ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆွေးနွေးဟောပြောမည်ဖြစ်ပြီး အတွေ့အကြုံများ နှီးနှောဖလှယ်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ အထွေထွေရောဂါကုဆရာဝန်များ၊ ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်များနှင့် ဘွဲ့လွန်သင်တန်းသားများ တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်ထားပြီး ဆွေးနွေးပွဲတက်ရောက်မည့် လူဦးရေကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၉-၇၃၁၅၄၉၇၄၊ ၀၉-၅၁၅၄၀၄၇၊ ၀၁-၅၃၂၄၃၈ နှင့် ၀၁-၅၃၂၄၄၇ တို့ထံသို့ စက်တင်ဘာ ၂၄ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်ချက်အမှတ် (၁၁)နှင့်(၁၂)ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် စက်တင်ဘာ ၁၁ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်အမှတ် (၁၁)နှင့်(၁၂)တို့ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အမှတ်(၁၁)တွင် မန္တလေးတိုင်းဒေသကြီး ရတနာပုံတက္ကသိုလ်မှ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဆန္ဒပြကျောင်းသားလေးဦးက စာမေးပွဲဖြေဆိုရန်အတွက် အချုပ်လွတ်ထုချေခွင့်အာမခံလျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ကျောင်းသားများ၏ ပညာသင်ကြားမှုအခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ၎င်းတို့၏ လျှောက်ထားချက်ကို အလေးထားစဉ်းစားပေးသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည် ဟူ၍လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၁၂)တွင် ၂၀၁၅ခုနှစ် မတ် ၁၀ ရက်က လက်ပံတန်းမြို့၌ အမျိုးသားပညာရေးဥပဒေပြင်ဆင်ပေးရေးအတွက် ဆန္ဒပြသော သပိတ်စစ်ကြောင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့မှုနှင့်ပတ်သက်၍ အဓိကရုဏ်းဖြစ်ပွားသည့်နေ့တွင် နည်းလမ်းတကျ လိုက်နာဆောင်ရွက်ခြင်းမရှိသော ရဲတပ်ဖွဲ့ဝင်များအား ထိုက်သင့်သလို အရေးယူသင့်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအား ရေသန့်ဘူးဖြင့် စတင်ပစ်ပေါက်ခဲ့သူများ၊ ရဲတပ်ဖွဲ့၏ ယာယီတဲများနှင့် အတားအဆီးများကို ဖျက်ဆီးခဲ့သူများ၊ တုတ်၊ ခဲများဖြင့် ပစ်ပေါက်ခဲ့သူများအား ဥပဒေနှင့်အညီ အရေးယူသင့်ကြောင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်ပွားချိန်တွင် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ် အဆင့်အဆင့်အတိုင်း မလုပ်ဆောင်ဘဲ အဆင့်ကျော်လွန်ပြီး ဆောင်ရွက်ခဲ့သူများအား အရေးယူသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်ဟူ၍လည်းကောင်း ဖော်ပြပါရှိသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဝက်ဘ်ဆိုက်၌ ဖော်ပြထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူကုန်ကူးမှုတားဆီးရေးပညာပေး

**လွယ်ဂျယ် စက်တင်ဘာ ၁၁**

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၈ ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာလူကုန်တားတပ်ဖွဲ့ စိတ်(၂) လွယ်ဂျယ်မှ ဒုရဲမှူးအောင်လွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေး ဟောပြောခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

❋ *ကျောဖုံးမှ*

ယခုအခါတွင် မီးရထားပြတိုက် အဆောက်အအုံ တည်ဆောက်ခြင်း၊ ခြံစည်းရိုးများကာရံခြင်းတို့မှာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးလာပြီဖြစ်ပြီး မီးရထားလမ်းပိုင်းနှင့် ပတ်သက်သော အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်၊ အဆောက်အအုံများ၊ ဟိုတယ်များ၊ ရေကူးကန်များနှင့် ခန်းမများကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုမီးရထားပြတိုက်ကြီး ပြီးစီးလျှင် ၁၉၄၂ ခုနှစ်က မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ (ယိုးဒယားနိုင်ငံ) သို့ ၁၇၅ မိုင်ဝေးသော မီးရထားလမ်းပိုင်းအား ဖက်ဆစ်ဂျပန်တို့၏ အာရှစစ်မျက်နှာဖွင့်ကာ ဖောက်လုပ်ခဲ့မှုတွင် မဟာမိတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံအသီးသီးမှ ချွေးတပ်ဖွဲ့ဝင် ၁၂၀၀၀၀ ကျော်တို့၏ ထိုမီးရထားလမ်းပိုင်းဖောက်လုပ်ရင်း အသက်၊ သွေး၊ ချွေး ပေးဆပ် ဆောင်ရွက်ခဲ့သည့် ပုံရိပ်များ၊ မီးရထားဇလီဖားတုံး အရေအတွက်မျှ လူ့အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရသော နိုင်ငံအသီးသီးမှစစ်သုံ့ပန်းတို့၏ပုံရိပ်များကို ပန်းချီ၊ 3D ဒီဇိုင်းပုံစံများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများအား လာရောက်လေ့လာကြသော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ၊ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ခရီးသွားပြည်သူများအတွက် ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ထို့အပြင် မီးရထားပြတိုက်မှ စတင်၍ ရထားလမ်းပိုင်းတစ်လျှောက် တစ်မိုင်ခန့်အကွာအဝေးအား လာရောက်ကြည့်ရှု လေ့လာကြသူများ အောက်မေ့ဖွယ်ရာအတွက် မီးရထားစီးနင်း၍ သွားလာနိုင်ကြစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အမှတ်တရပစ္စည်းလက်ဆောင်များကို ရောင်းချပေးသွားမည် ဖြစ်ကြောင်း မီးရထားပြတိုက်စီမံကိန်းရုံးမှ စုံစမ်းသိရသည်။ **စိုးဝင်း(SP)**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ စက်တင်ဘာ ၁၃ ရက်မှစ၍ သီးသန့်အချပ်ပိုဖြင့် ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၉ ရက်မှစ၍ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာတိုပ၌ ဖော်ပြပေးလျက်ရှိပါသည်။

အဆိုပါ စည်းရုံးဟောပြောချက်များကို သတင်းစာပါ အခြားအကြောင်းအရာများနှင့် ရောထွေးမှုမဖြစ်စေဘဲ မှတ်တမ်းအဖြစ် သိမ်းဆည်းနိုင်ရန် စက်တင်ဘာ ၁၃ ရက်မှစ၍ သီးသန့်အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

# ကလေးဒေသရေဘေးသင့်ပြည်သူများအား အလှူရှင်များက ငွေသားနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကလေး စက်တင်ဘာ ၁၁**

စစ်ကိုင်းဒေသကြီး ကလေးဒေသ ရေဘေးကယ်ဆယ်ရေးအတွက် တယ်လီနောမြန်မာမှ လှူဒါန်း၍ ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့ (Network Activities Group- NAG)၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာအုပ်စုသုံးအုပ်စုဖြစ်သည့် ကံပုလဲ၊ နတ်ကြီးကုန်းနှင့် နတ်မြောင်းအုပ်စုတို့ရှိ အိမ်ထောင်စုပေါင်း ၁၃၂၆ စုမှ လူဦးရေ ၅၄၇၂ ဦးတို့အတွက် ကူညီထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးသေတ္တာဘူးစသည့် စားသောက်ကုန်ပစ္စည်းများနှင့် ဆပ်ပြာမှုန့်၊ ဆပ်ပြာချော၊ စတီးဇလုံကြီး၊ စတီးဇွန်း၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ဖယောင်းတိုင်ထုပ်၊ ဂက်စ်မီးခြစ်၊ လက်သည်းညှပ်နှင့် အမျိုးသမီးသုံးပစ္စည်းများစသည့် လူသုံးကုန်ပစ္စည်းများကို ဩဂုတ် ၁၂ ရက်မှစ၍ ယနေ့အချိန်အထိ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကျောက္ကာကျေးရွာတွင် အိမ်ထောင်စု ၁၆၉ စုအတွက် လီတာ၂၀၀၀ ဆံ့ သောက်ရေတိုင်ကီတစ်လုံး၊ သုံးရေတိုင်ကီတစ်လုံးနှင့် ရေပိုက်ဆက်ပစ္စည်းများကိုလည်းကောင်း၊ အောင်မြင်သာကျေးရွာတွင် အိမ်ထောင်စု ၂၁၀ အတွက် ရေစုပ်စက်တစ်လုံးနှင့် ရေပိုက်ပစ္စည်းများကို လည်းကောင်း၊ သဖန်းအိုင်ကျေးရွာတွင် အိမ်ထောင်စု ၂၁၈ စုအတွက် ရေစုပ်စက်တစ်လုံး၊ လီတာ၂၀၀၀ ဆံ့ သောက်ရေတိုင်ကီတစ်လုံး၊ သုံးရေတိုင်ကီတစ်လုံးနှင့် ပိုက်ဆက်ပစ္စည်းများကို လည်းကောင်း၊ အင်စိန်ကျေးရွာတွင် အိမ်ထောင်စု ၈၉ စုတို့အတွက် အိမ်သာ ၂၄ လုံး ဆောက်လုပ်ရန် ငွေကျပ် ၂၁ သိန်း ခြောက်သောင်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ကလေးရေဘေးကယ်ဆယ်ရေးအတွက် CAFOD အဖွဲ့နှင့် NAG အဖွဲ့တို့ပူးပေါင်း၍ ရေဘေးသင့်ကျေးရွာ ၁၈ ရွာဖြစ်သော အင်စိန်၊ နတ်နန်း၊ ပေါက်ခုံ၊ ကံပုလဲ၊ နှောညောင်ပင်၊ ရေလဲဦး၊ ကျီကုန်း၊ နတ်ကြီးကုန်း၊ ကျောက္ကာ၊ မော်လိုက်ကလေး(တောင်)၊ မော်လိုက်ကလေး(မြောက်)၊ မြစိမ်း၊ မြလင်း၊ နန်းကျင်းဆောင်၊ နန်းစောင်းပု၊ အောင်မြင်သာ၊ သဖန်းအိုင်၊ အာဝါးကျေးရွာတို့တွင် အိမ်ထောင်စု ၃၅၇၅ စုအတွက် ဓာတ်ဆားထုပ်၊ ကလိုရင်းမှုန့်၊ အိမ်သာအလုံး ၂၃၀ ၊ ရေစုပ်စက်ငါးလုံး၊ လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီသုံးလုံး၊ အိမ်ထောင်စု ၈၂၇ စုအတွက် လီတာ၂၀ ဆံ့ ရေသန့်ဘူး ၈၂၇ လုံးနှင့် ထိခိုက်လွယ်သူများ (သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ) ကိုဦးစားပေး၍ အိမ်ထောင်စု ၁၃၀၁ စုအတွက် ငွေကျပ် ၁၆၉ သိန်းကျော်ကို ထောက်ပံ့ပေးခဲ့သည်။

ယင်းအပြင် အာဝါးကျေးရွာတွင် လမ်းပြုပြင်ရေးနှင့် ကျေးရွာ သန့်ရှင်းရေးလုပ်ငန်းအတွက် ငွေကျပ် ၆၃၀၀၀၀၊ နတ်ကြီးကုန်းကျေးရွာတွင် အိမ်သာ ၂၈ လုံး ဆောက်လုပ်ရန်အတွက် လုပ်အားခငွေကျပ် ၈၄၀၀၀၊ ကျောက္ကာကျေးရွာတွင် ရေပိုက်သွယ်တန်းတပ်ဆင်ရန် လုပ်အားခငွေကျပ် နှစ်သိန်းနှင့် နတ်နန်းကျေးရွာတို့တွင် အိမ်သာဆောက်လုပ်ရန်အတွက် လုပ်အားခငွေကျပ် ၅၀၀၀၀ ကျော်ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(မြန်/ဆက်)**



# တရုတ်နိုင်ငံ CITIC ကုမ္ပဏီနှင့် တူရကီနိုင်ငံတို့မှ ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံ CITIC ကုမ္ပဏီမှ ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လက်တွန်းထွန်စက် အစီး ၁၀၀ နှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ CITIC ကုမ္ပဏီမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် CITIC ကုမ္ပဏီမှ တာဝန်ရှိသူများက ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လက်တွန်းထွန်စက် အစီး ၁၀၀၊ ရေစုပ်စက်အလုံး ၁၀၀၊ မိုးကာလိပ် ၆၀၀၊ ဗလာစာအုပ် ဒါဇင်နှစ်သောင်းကို ပေးအပ်လှူဒါန်းရာ ခေတ္တပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။ ယင်းနောက် ခေတ္တပြည်နယ်ဝန်ကြီးချုပ်သည် CITIC ကုမ္ပဏီမှ လှူဒါန်းသည့် လက်တွန်းထွန်စက်များ၊ ရေစုပ်စက်များကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မိမိတို့ကုမ္ပဏီအလိုက် တာဝန်ယူဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီစွာဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တူရကီနိုင်ငံ TIKA အဖွဲ့က ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး တူရကီနိုင်ငံ သံအမတ်ကြီး H.E.Mr.Murat Yavuz က ထောက်ပံ့ရေးပစ္စည်းများကို တူရကီနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

**(ပြည်နယ် မြန်/ဆက်)**

## ❍ ကျောဖုံးမှ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် လေးလက်မခန့်နှင့် ဇလွန်မြို့တွင် နှစ်လက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် လေးပေခွဲခန့်၊ မော်လိုက်မြို့တွင် ခြောက်ပေခွဲခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ငါးပေခွဲခန့်စီနှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့်မင်းကင်းမြို့တို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် လေးပေခန့်စီနှင့် မုံရွာမြို့တွင် တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ် ၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအား အဝတ်အထည်များလှူဒါန်း

**သာပေါင်း စက်တင်ဘာ ၁၁**

သာပေါင်းမြို့နယ် ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် လွယ်ဂျယ်ဆရာတော် ဘဒ္ဒန္တဦးဝါရိန္ဒ ဦးဆောင်သော ရေဘေးကူညီမှုအဖွဲ့က လွယ်ဂျယ်မြို့နယ်သူနယ်သား အလှူရှင်များနှင့် ကသာမြို့နယ် အလှူရှင်များလှူဒါန်းသော အဝတ်အထည် ၁၈၈ ထုပ်ကို ဇီးဖြူကွင်းကျေးရွာအုပ်စု၊ အောင်တပ်ကျေးရွာအုပ်စု၊ ငဝန်ဒေါင့်ကြီးကျေးရွာအုပ်စု၊ ရေတွင်းကုန်းကျေးရွာ၊ ကွမ်းခြံကုန်းကျေးရွာ၊ တောင်ယာကုန်းကျေးရွာ၊ ကံကုန်းကျေးရွာ၊ သံလျက်စွန်းကျေးရွာများရှိ အိမ်ထောင်စု ၂၇၆၄ စုတို့ကို သာပေါင်းမြို့ ထန်းပင်ချောင်းကျေးရွာ ချမ်းသာအောင်ကျောင်းတိုက်ဆရာတော် ဦးစာရိတ္တက အလှူရှင်များ ပေးအပ်လှူဒါန်းသော အဝတ်ထုပ်များကို ကျေးရွာများအရောက် ကူညီစီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဇော်ဦး (မြန်/ဆက်)**

# ထန်းတပင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများနှင့် ငါးမွေးကန်များပျက်စီးဆုံးရှုံး

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် မြစ်ရေကြီးမြင့်ခဲ့မှုကြောင့် ဘောလည်ကျွန်းအတွင်း နေအိမ်များ၊ စာသင်ကျောင်းများ ရေနစ်မြုပ်ခဲ့သည့်အပြင် ကျေးရွာအုပ်စု ၂၁အုပ်စု မှတောင်သူ ၁၇၅၇ ဦးတို့၏ လယ်ယာမြေဧကပေါင်း ၇၉၃၀ ဧကတို့မှာ ရေနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

လယ်ယာမြေများရေနစ်မြုပ်ခဲ့သဖြင့် ဆုံးရှုံးမှုများရှိသည့်အပြင် စံကင်းကြီးကျေးရွာ ဘူးသနွတ်ကျေးရွာ၊ တလိုင်မီကျေးရွာ၊ တော်လတဲ့ကျေးရွာ၊ ဓာတ်တော်ကုန်းကျေးရွာ၊ ဘောလည်ကျေးရွာ၊ ဘိုးနတ်ပေးကျေးရွာ၊ ကြာမန်းကျေးရွာများရှိ ငါးမွေးတောင်သူ ၃၂ ဦးတို့၏ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသော ငါးကန်ဧကပေါင်း ၃၁၅၄ ဧက ရေကြီးနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

**(မြို့နယ် မြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၁၂ ရက်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသ ကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၁၂-၉-၂၀၁၅) ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်(နှင်းဥယျာဉ်အိမ်ရာ(က၊ခ၊ဂ၊ဃ) ရပ်ကွက်၊ ရန်ကင်းမြို့နယ်(၁၊၂၊၃၊၄)ရပ်ကွက် အင်းစိန်မြို့နယ် (ထန်းပင်ကုန်း၊ မော်တော်ယာဉ်တပ်၊ မြို့တော် ဂေါက်ကွင်း၊ တက်ခမ်းအိမ်ရာ၊ ရွာမအရှေ့ရပ်ကွက်များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ သန်လျင်မြို့နယ် ဘုရားကုန်း ဓာတ်အားခွဲရုံတွင် MEPE မှ Main Circuit Breaker လဲလှယ်ရန်အတွက် နံနက် ၆ နာရီမှ နံနက် ၁၁ နာရီထိ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များတွင် အချိန်ပိုင်းအလိုက် ဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

၃။ (၁၃-၉-၂၀၁၅) ရက်နေ့တွင် သာကေတ၊ ဒေါပုံမြို့နယ်တို့ရှိ ရပ်ကွက်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

၄။ ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများ ဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။


**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ဧရာဝတီမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော်  စက်တင်ဘာ  ၁၁**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ပခုက္ကူမြို့တွင် တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် လေးလက်မခန့်၊ ဇလွန်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**


ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)



ဧရာဝတီမြစ်ရေ အခြေအနေ(ဟင်္သာတမြို့)



ဧရာဝတီမြစ်ရေ အခြေအနေ(ဇလွန်မြို့)



## မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေ

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်နှင့်မန္တလေး မြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။


မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**

# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော်  စက်တင်ဘာ  ၁၁**

ချင်းတွင်းမြစ်ရေသည် မြင့်တက်လျက်ရှိရာ မြစ်ကြောင်းတစ်လျှောက်ရှိ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များတွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်ကျော်လွန်လျက်ရှိသည်။ အဆိုပါမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ အလားတူ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် မင်းကင်းမြို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်နှင့် ကလေးဝမြို့တို့တွင် လေးပေခန့်စီနှင့် မုံရွာမြို့တွင် တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခန့် ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။

**(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)



# စေတုတ္တရာမြို့နယ် ရေဘေးသင့်ကျေးရွာများ ပြောင်းရွှေ့နိုင်ရေး အလှူငွေပေးအပ်

**စေတုတ္တရာ စက်တင်ဘာ  ၁၁**

မုန်းချောင်း ရေလှောင်တမံ ရေကြီး၊ ရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော စေတုတ္တရာမြို့နယ်အတွင်းရှိ ခြင်းပြစ်ကိုင်းကျေးရွာ၊ ပွင့်တောက်ကျေးရွာနှင့် ငလဲကျေးရွာ အိမ်ထောင်စုများ ကျေးရွာပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါရေနစ်မြုပ်ပျက်စီးခဲ့သော ကျေးရွာသုံးရွာတွင် မှီတင်းနေထိုင်ခဲ့သော အိမ်ထောင်စုများ ကျေးရွာပြောင်းရွှေ့ထူထောင်နိုင်ရေးအတွက် မန္တလေးမြို့ စက်မှုဇုန်(၁)မဟာအောင်မြေ ကထိန်တော်အသင်းနှင့် ရေနံ့သာကိုကိုများအဖွဲ့တို့မှဦးစီး၍ စေတနာရှင်၊ အလှူရှင်များက ခြင်းပြစ်ကိုင်းကျေးရွာအတွက် အလှူငွေကျပ် သိန်း ၇၀၊ ပွင့်တောက်ကျေးရွာ ပြန်လည်ထူထောင်နိုင်ရန် အလှူငွေကျပ်သိန်း ၈၀၊ ငလဲကျေးရွာ ပြန်လည်ထူထောင်နိုင်ရန် အလှူငွေကျပ် ၁၀၅ သိန်း ကို ထောက်ပံ့ပေးအပ်လှူဒါန်းရာသက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူသည်။

စေတုတ္တရာမြို့နယ် ခြင်းပြစ်ကိုင်းကျေးရွာတွင် အိမ်ထောင်စု ၈၈ စု၊ လူဦးရေ ၃၄၁ ဦး၊ ပွင့်တောက်ကျေးရွာတွင် အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ ၅၃၂ ဦးနှင့် ငလဲကျေးရွာတွင် အိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၅၉၇ ဦး မှီတင်းနေထိုင်လျက်ရှိရာ ရေကြီး၊ ရေလျှံမှုများကြောင့် လူနေအိမ်များအတွင်း ရွှံ့နွံနှစ်များမြုပ်၍ ဆက်လက်နေထိုင်နိုင်ရန် မသင့်လျော်သည့်အတွက် ကျေးရွာပြောင်းရွှေ့နေထိုင်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ ဦးသူရ၊ ညီမ ဒေါ်သစ်သစ်လွင် သံသုမာလမ်း (၁၄/၁) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့က ငွေကျပ် ၂၀၀၀၀၀ ကို လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)က အလှူငွေကျပ် ၁၀၆၅၀၀၀၀ ကိုလက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၃၇၃၂၇၂၇၆၄၃၊ အမေရိကန်ဒေါ်လာ ၁၄၁၁၂၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဖောင်းပြင် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးတင်ဝင်း၊ ဖောင်းပြင်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်နှင့် ဝန်ထမ်းများအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရွှေ့ပြောင်းအိမ်ထောင်စု ၁၆ စုကို ဆန်၊ မျက်နှာသုတ်ပဝါ၊ ရေသန့်နှင့်ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကာ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။



ဆက်လက်ပြီး အဆိုပါအဖွဲ့သည် ဆည်ချောင်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် ရွှေ့ပြောင်းအိမ်ထောင်စု ၁၃ စုကို ဆန်၊ ရေသန့်နှင့် ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေစကြိုမြို့၌ ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေများ ဝင်ရောက်

**ရေစကြို စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရှိမြေနိမ့်ပိုင်းမှ ရပ်ကွက်အချို့နှင့် ကျေးရွာများအတွင်း မြစ်ရေများဝင်ရောက်လျက်ရှိရာ ဩဂုတ်လအတွင်းက ရေဝင်ရောက်ခဲ့ပြီးနောက် ဒုတိယအကြိမ် ထပ်မံဝင်ရောက်ခြင်းဖြစ်သည်။

ရေစကြိုမြို့၏ စိုးရိမ်ရေအမှတ်မှာ ၂၈ ဒသမ ၇ ပေ ဖြစ်ပြီး စက်တင်ဘာလ ၁၀ ရက်က ၂၉ ဒသမ ၈ ပေသို့ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများက ရေကင်းများချထားခြင်း မိုးလေဝသသတင်းများ နားထောင်ပြီး ရေဘေးသတိရှိရန် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးသို့ ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ အလှူပစ္စည်းများ ရရှိမှုမှာ ဆန် ၂၄ ပြည်ပါ ၅၇ အိတ်၊ ဆန်လေးပြည်ပါ ၃၈၃ အိတ်၊ ဆန် ၂၅ ကီလိုဂရမ်ပါ တစ်အိတ်၊ အဝတ်အထည် ၈၁၈ အိတ်၊ ရေသန့် ၁၂ ဘူးပါ ကိုးကတ်၊ သီလရှင်ဝတ်စုံ နှစ်ကိုက်စပါအိတ် ၁၀၀၊ သက်န်း-ထီး-ပဝါတစ်အိတ်၊ စားသောက်ကုန်သုံးထုပ်၊ တိုင်းရင်းဆေးတစ်အိတ်၊ စာရေးကိရိယာတစ်အိတ်၊ အမျိုးသား စွပ်ကျယ်အထည် ၁၀၀၊ အမျိုးသားဘောင်းဘီအထည် ၁၀၀ နှင့် IV Solution ဆေးဖာ ၁၀၀၀၊ ပြည်တွင်း အလှူပစ္စည်းရရှိမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၉၇၀၃၆၀၀ နှင့် ပြင်ပအလှူပစ္စည်းရရှိမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၃၀၀၀၀ တို့ကို လက်ခံရရှိသည်။

အလားတူ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ လက်ခံရရှိသော အလှူပစ္စည်းများမှာ ဝေဖာမုန့်ပုံးကြီး ၅၉ ပုံး၊ ဝေဖာမုန့်ပုံးသေး ၅၂ ပုံး၊ ကြွပ်ကြွပ်အိတ်ထုပ်သုံးထုပ်၊ ရေစစ်အိုး(မြေအိုး) ၁၀ လုံး၊ ပလတ်စတစ်ပုံး (အကြည်) ငါးတွဲ၊ ပလတ်စတစ်ပုံး (အဖုံး)ငါးထုပ်၊ ပလတ်စတစ်ပုံး (ရေခေါင်း) တစ်ထုပ်၊ ပလတ်စတစ်ပုံး(ဘရက်စ်) တစ်ထုပ်တို့ကို လက်ခံရရှိသည်။ **(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာများ ပြန်လည်အသုံးပြုနိုင်ရေးဆောင်ရွက်

**နတ်တလင်း စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၌ ရေကြီးနစ်မြုပ်၍ ပျက်စီးချွတ်ယွင်းသွားသော လယ်ယာသုံးစက်ကိရိယာများကို အမှတ် (၄၅) စက်မှု လယ်ယာစခန်း နတ်တလင်းမြို့မှ ဝန်ထမ်းများက စက်မှုလယ်ယာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး (အနောက်)တိုင်းတာဝန်ခံ၏ ညွှန်ကြားမှု၊ ခရိုင်ဦးစီးဌာန၏ကြီးကြပ်မှုတို့ဖြင့် လက်တွန်းလယ်ထွန်စက်များကို ကျေးရွာများသို့ ကွင်းဆင်း၍ နေ့ချင်းပြီး ပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် ငွေလှူ

**မိုးမောက် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် ဟားခါးမြို့ တောင်ပြို/ရေဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်စေတနာမိုး လူမှုကူညီရေးအသင်းတို့က စုပေါင်း၍ အလှူငွေစုစုပေါင်းငွေကျပ်သိန်း ၄၀ ကို ချင်းပြည်နယ်အတွင်းရေးမှူး ဦးမောင်မောင်ဆန်းထံသို့ စက်တင်ဘာလပထမပတ်က မိုးမောက်မြို့ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# အရာတော်မြို့နယ်၌ ရေကြီးနစ်မြုပ် လယ်ယာမြေများပြန်လည်စိုက်ပျိုးနိုင်ရန် စီမံပေးနေ

**အရာတော် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ မြေမှန်၊ မျိုးမှန်၊ ရာသီမှန်၊ စိုက်နည်းမှန်ကန်စွာဖြင့် စိုက်ပျိုးခဲ့ကြသော မိုးသီးနှံလယ်မြေ ၂၆၄၇ ဧကသည် ရေကြီးရေလျှံမှုဖြစ်ကာ ဧက ၁၈၃၀ ထိခိုက်ပျက်စီးခဲ့ရသည်။ ယင်းအတွက် ရေကျဆင်းမှုအပေါ် မူတည်ပြီး လယ်မြေများ ထွန်ယက်ရေး၊ မျိုးဖြန့်ဖြူးရေး၊ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းရေကြီးနစ်မြုပ်လယ်မြေဖြစ်သော ဇရစ်ကျေးရွာအုပ်စု ကူးတို့ကိုင်းကျေးရွာမှ တောင်သူ ဦးမောင်ကြီး၏ ကွင်းအမှတ်(၅၇၈)၊ ဦးပိုင် ၁၉၆/၂၊ ဧရိယာ ၂ ဒသမ ၀၀ ဧကကို ရောမင်းစပါးမျိုးဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးနေကြောင်း မြင်တွေ့ခဲ့ရသည်။

ယခင်က မိုးစပါးစိုက်ပျိုးထားသော လယ်မြေများသည် သဲနုန်းများဝင်ရောက်ဖုံးနေမှုကြောင့် မိုးစပါးပြန်လည်စိုက်ပျိုးရန် အခြေအနေမပေးသဖြင့် ထိုဧရိယာ ဧကများကို အစားထိုးသီးနှံအဖြစ် မတ်ပဲ၊ ပဲတီစိမ်း စသည့်ပဲမျိုးစုံ စိုက်ပျိုးထားပြီး မြေအောက်ရေ ရယူနိုင်သော ဧရိယာများကို သက်တမ်းတိုးစပါး တိုက်ရိုက်မျိုးစေ့ချစက်ကိရိယာ အသုံးပြုစိုက်ပျိုးပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် မြစ်ကမ်းအနီး ကျေးရွာများတွင် ဧရာဝတီမြစ်ရေ ဝင်ရောက်

**ပွင့်ဖြူ စက်တင်ဘာ ၁၁**

ဧရာဝတီမြစ်ရေကြီးမှုများကြောင့် ပွင့်ဖြူမြို့နယ် မြစ်ကမ်းအနီး တည်ရှိသည့် ကျေးရွာများတွင် ဧရာဝတီမြစ်ရေဝင်ရောက်၍ ရေဘေးကင်းလွတ်ရာ ကုန်းမြင့်ပိုင်းကျေးရွာဝန်းကျင်များသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာတွင် အိမ်ထောင်စု ၁၅၈ စု၊ လူဦးရေ ၆၇၂ ဦး မှီတင်းနေထိုင်လျက်ရှိရာ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုများကြောင့် ကုန်းဇောင်းကျေးရွာ မြောက်မုန်းမြောင်းမကြီး ဘေးဝဲ/ယာတို့တွင် ယာယီ ပြောင်းရွှေ့နေထိုင်လျက်ရှိကြသည်။ ရေဘေးသင့်ပြည်သူတစ်ဦးဖြစ်သည့် နန်းတော်ကျွန်းကျေးရွာမှ တောင်သူ ဦးမြင့်စိုးက "ဩဂုတ်လကတည်းက မုန်းချောင်းရေကြီးလို့ တစ်ခါပြောင်းရတယ်။ အခု ဧရာဝတီ



မြစ်ရေကြီးလို့ ပြောင်းရွှေ့ရပြန်တယ်။ လူလည်းပင်ပန်း၊ တိရစ္ဆာန်တွေလည်း ပြောင်းရွှေ့ရလို့ ပင်ပန်းပြီး စိုက်ပျိုးရေးလုပ်ငန်းတွေလည်း ပျက်စီးနေပါတယ်" ဟု ပြောပြသည်။ **တင်ထွန်းဦး(မင်းဘူး)**

# “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　စက်တင်ဘာ　၁၁

**‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဦးအိုက်ရှန်းပလိတ်က ၄င်းတို့၏ ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မိဘပြည်သူမဲဆန္ဒရှင်များ၊ ဒီမိုကရေစီမြတ်နိုးတန်ဖိုးထားကြတဲ့ လုပ်သားပြည်သူများနဲ့ ပါတီဝင်များခင်ဗျား-**

ယခုလို ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဦးတည်ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကိုတင်ပြရှင်းလင်းခွင့်ရတဲ့အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ အစိုးရနဲ့တကွ တာဝန်ရှိသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အလွန်တိုတောင်းလှတဲ့ အချိန်အတွင်း ကျွန်တော်တို့ ပါတီရဲ့ဦးတည်ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြဖို့ မပြည့်စုံနိုင်ပေမယ့် ရရှိတဲ့အချိန်အတွင်း အနှစ်သာရကို အနည်းငယ်ကောက်နုတ်ပြီး ပြောပြခွင့်ရလို့ ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။

တိုင်းရင်းသားလူမျိုးစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်ကြီး တည်ဆောက်နိုင်ဖို့ဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူများ ကိုယ်တိုင်ပါဝင်ပြီး နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားများကို နိုင်ငံသားတိုင်း၊ ပြည်သူတိုင်း၊ နိုင်ငံရေးအရ တန်းတူအခွင့်အရေး၊ အဆင့်အတန်းများ၊ စီးပွားရေးအရ တန်းတူညီမျှဖို့ စတဲ့အခွင့်အလမ်းများ ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ စည်းလုံးညီညွတ်တဲ့ ပြည်သူများရဲ့မဟာအင်အားကြီးကို စုစည်းရယူနိုင်မှာဖြစ်ပြီး နိုင်ငံတော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ထာဝရငြိမ်းချမ်းရေးရရှိနိုင်မှာ ဖြစ်တယ်လို့ ခံယူယုံကြည်ပါတယ်။ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရရှိခဲ့တာဟာ လူပုဂ္ဂိုလ်တစ်ဦး၊ လူမျိုးစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ဖွဲ့တည်းနဲ့ ရယူနိုင်ခဲ့တာမဟုတ်ဘဲ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ဘက်စုံထောင့်စေ့မှ အသက်အိုးအိမ်စည်းစိမ်များကို ပဓာနမထားဘဲ အသက်သွေး၊ ချွေးမြောက်မြားစွာ စတေးခံ၍ဆင်နွှဲရယူခဲ့တဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်ရဲ့ အကျိုးကျေးဇူးများရရှိခံစားတဲ့အပိုင်းမှာလည်း တိုင်းရင်းသားများအားလုံး ရသင့်ရထိုက်တဲ့အခွင့်အရေး၊ အဆင့်အတန်းများ၊ လွတ်လပ်ခွင့်များ၊ ပုဂ္ဂိုလ်ဆိုင်ရာ ပိုင်ဆိုင်ခွင့်များ၊ အပြည့်အဝ၊ တန်းတူညီမျှစွာရရှိဖို့လိုအပ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများနဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ကျွန်တော်တို့ ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ အဓိကရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်များကို အကျဉ်းချုံးပြီး ရှင်းလင်းတင်ပြသွားပါမယ်။ ကျွန်တော်တို့ပါတီဟာ နောင်အနာဂတ်နိုင်ငံတော်ကို တကယ်စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ဖြင့် ခိုင်မာတဲ့ အုတ်မြစ်တစ်ခုချပြီး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ဘက်စုံတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူနေမှုအဆင့်အတန်းမြင့်မားလာဖို့၊ အသိပညာ အတတ်ပညာဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာ့နိုင်ငံများနဲ့ရင်ပေါင်တန်းနိုင်ဖို့ အခြေခံမူ (၅)ချက်နဲ့ လုပ်ငန်းစဉ် (၇)ရပ်တို့ကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

**၄င်းအခြေခံသဘောထား ရည်ရွယ်ချက်များကတော့-**

(၁) နိုင်ငံတော်တစ်ဝန်းလုံးတွင် အချုပ်အခြာအာဏာစက်သက်ရောက်ပြီး တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ဖို့နဲ့ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒီမိုကရေစီကျင့်စဉ်နဲ့ အညီကြိုးပမ်းဆောင်ရွက်သွားရန်၊

(၂) နိုင်ငံသားတိုင်း အခွင့်အရေးများ တန်းတူရေး၊ အဆင့်အတန်းများညီမျှရေး၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံနဲ့ အဝန်း တည်ရှိစေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့စည်းရုံးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်၊

(၃) တစ်မျိုးသားလုံး၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ပုဂ္ဂလိက လုပ်ငန်းများကိုဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ခေတ်အဆက်ဆက်တွင် နောက်ကျကျန်ရစ်ခဲ့သော ‘ဝ’နယ်မြေဒေသနှင့် အခြားတောင်တန်းဒေသများ၏ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်သွားရန်၊

(၄) တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ၊ အနုပညာများဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်သွားရန်၊

(၅) နိုင်ငံတော်နဲ့လက်တွဲပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်တဲ့နိုင်ငံများမှ အကျိုးရှိမယ့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်နည်းပညာများကို ရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ လုပ်ငန်းစဉ် (၇) ရပ်ကတော့-

(၁) နိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သူများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ စည်းရုံးရေးအရ နိုးကြားတက်ကြွစေပြီး စစ်မှန်တဲ့ ဒီမိုကရေစီ အကျင့်အကြံ၊ အပြုအမူ၊ အတွေးအခေါ်၊ အယူအဆတွေကို ခိုင်မြဲစွာ တည်ဆောက်ပြီး ပြည်သူတွေရဲ့ ကံကြမ္မာကို ပြည်သူတို့ကိုယ်တိုင် လွတ်လပ်စွာ ပါဝင်ဖန်တီးစီရင်နိုင်စွမ်းရှိတာကို ခံယူသဘောပေါက်နားလည်ဖို့ စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၂) ရည်ရွယ်ချက်၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ်၊ အယူအဆ၊ အမြော်အမြင်ချင်းတူညီတဲ့ မည်သည့်နိုင်ငံရေးပါတီများနဲ့မဆို တန်းတူညီတူ ဆက်ဆံခြင်း၊ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ အပြန်အလှန်ကူညီခြင်းများ ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကဦးတည်အလေးထားပြီး အပြန်အလှန်အကျိုးပြုဆောင်ရွက်မယ်၊ နားလည်မှုရှိမယ်၊ အပေးအယူများရှိမယ်၊ မူသဘော၊ လုပ်ငန်းသဘောအရ ယှဉ်ပြိုင်မှုရှိမယ်၊ ဒါဟာ ဒီမိုကရေစီနိုင်ငံရဲ့ နိုင်ငံရေး ဓလေ့ထုံးတမ်းအစဉ်အလာကောင်းများဖြစ်ပြီး အနှစ်သာရလည်းဖြစ်ပါတယ်။ ပြိုင်ဘက်ကင်းတဲ့စနစ်ဟာ အာဏာရှင်စနစ်အဖြစ်သို့ သက်ရောက်စေတတ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်သူတွေရဲ့ အနာဂတ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဦးဆောင်ဦးရွက်ပြုသွားဖို့၊ ပါတီနဲ့ ပြည်သူခွဲလို့မရတဲ့ အသည်းနှစ်လွှာကဲ့သို့ ခံယူထားပါတယ်။ ပြည်သူအသံ ပါတီရဲ့အသံ၊ ပြည်သူခံစားချက် ပါတီရဲ့ခံစားချက်၊ ပြည်သူ့ဆန္ဒ ပါတီရဲ့ဆန္ဒ၊ ပြည်သူ့အောင်လံဟာ ပါတီရဲ့အောင်လံဟု ခံယူထားပြီး ပါတီရဲ့ပန်းတိုင်ဟာ ပြည်သူရဲ့ သာယာချမ်းမြေ့တဲ့ ဒီမိုကရေစီလောကသစ်ကြီးဆိုတဲ့ ပန်းတိုင်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲအောင်ပါက ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးနဲ့ ဒေသအကျိုး၊ အမျိုးသားရေးအကျိုးတို့ကို အများဆုံးအာမခံချက်ပေးနိုင်မယ့် ပါတီအဖွဲ့အစည်းများနဲ့ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၃) တိုင်းရင်းသားပြည်သူများတို့ရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူသားတစ်ရပ်လုံးတို့ကို ခြိမ်းခြောက်နေသော အကြမ်းဖက်စနစ်ကို ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ၊ မှန်ကန်စွာအဖြေရှာပြီး ထိုအကြမ်းဖက်စနစ်များကို စွန့်လွှတ်နိုင်ရေးအတွက် နိုင်ငံရေးအရ စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးအပေါင်းတို့ဟာ တစ်အူထုံ့ဆင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး လူမျိုးရင်းတစ်မျိုးတည်းမှ ဆင်းသက်လာကြတဲ့ ညီအစ်ကိုမောင်နှမအရင်း တိုင်းရင်းသားများဖြစ်ကြသလို၊ နိုင်ငံရဲ့ အခြေခံလူ့အခွင့်အရေးများ တန်းတူညီတူခံစားခွင့်အပြည့်အဝရရှိခံစား၊ စံစားခွင့်ရရှိမှသာ တိုင်းရင်းသားလူမျိုးများ စစ်မှန်တဲ့ စည်းလုံးညီညွတ်မှုများရှိလာမည်ဖြစ်ပြီး နိုင်ငံသည်လည်း တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာကာ ထာဝရငြိမ်းချမ်းရေးရရှိလာမှာဖြစ်ပါတယ်။

(၄) လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များ၊ အခြေခံမူများတို့ကို လိုက်နာကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ ကမ္ဘာကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် ကမ္ဘာ့ရေးရာကိစ္စအဝဝ၌လည်း ကင်းကွာရပ်တည်၍ မရနိုင်ပါ။ ကမ္ဘာ့မိသားစုများနဲ့အတူ နိုင်ငံရေး ၊ စီးပွားရေး၊ လူမှုရေးများ စသည်တို့ကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်ဖို့၊ ယဉ်ကျေးမှုအနုပညာများ ပူးပေါင်းဖလှယ်ဖို့၊ သိပ္ပံဆိုင်ရာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်မှုများကို သတိတရားနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၅) မူးယစ်ထုံထိုင်းပြီး စိတ်ကိုပြောင်းလဲစေတဲ့ ဘိန်းများကို အဓိက စိုက်ပျိုးဖြစ်ထွန်းသောနယ်မြေဒေသများ၌ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေရန် ဘိန်းအစား ပြည်တွင်းပြည်ပမှ ဈေးကွက်ကောင်းပြီး တွက်ခြေကိုက်သော ရောင်းပန်းလှတဲ့ ကောက်ပဲသီးနှံများ၊ နှစ်တိုနှစ်ရှည်ပင်များကို ရှာဖွေစိုက်ပျိုးစေ၍ သယံဇာတပစ္စည်းများကိုလည်း ဖော်ထုတ်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းများဖြင့် အဓိက စီးပွားရေးလုပ်ငန်းများဖြစ်လာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း အချို့သော တောင်တန်းဒေသများတွင် ရေမြေတောတောင် သဘာဝ၊ ရာသီဥတုအခြေအနေများအရ ဘိန်းစိုက်ပျိုးဖြစ်ထွန်းမှုကို အထူးအားပေးသော ဒေသများ၌ ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ‘ဝ’ နယ်ဒေသ ငြိမ်းချမ်းရေးအဖွဲ့အုပ်ချုပ်တဲ့ နယ်မြေများတွင် ၂၀၀၅ ခုနှစ်မှစ၍ ယနေ့ချိန်အထိ ဘိန်းပင်တစ်ပင်မျှ မရှိတော့ဘဲ လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး မူးယစ်ဆေးဝါးဖြစ်တဲ့ ‘ရာမ’ ဆေးပြားများ လုံးဝပပျောက်ရေးအတွက် ၂၀၁၄ ခုနှစ် ဇွန်လမှစ ၂၀၂၄ ခုနှစ် ၁၀ နှစ်တာ စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကို အသိပေးအပ်ပါတယ်။

(၆) နိုင်ငံတော်အတွင်း အထူးသဖြင့် ‘ဝ’နယ်မြေဒေသနှင့် တောင်ပေါ်တောင်တန်းဒေသများတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှု၊ နားလည်ယုံကြည်မှု အပြည့်အဝပေးနိုင်တဲ့ ရေသောက်မြစ်ပေါင်းကူးတံတားကြီးတစ်ခုကဲ့သို့ ဖြစ်ပါတယ်။ ‘ဝ’ နယ်ဒေသအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အတွင်း နေရာဒေသအနှံ့အပြားသို့ လမ်းကြီး လမ်းငယ်များ၊ မြေလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာခင်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့်ဖောက်လုပ်ခင်းကျင်းပြီး သွားလာလျက်ရှိကြတာကို တွေ့မြင်ရမှာ ဖြစ်သကဲ့သို့မြို့ကြီးမြို့ငယ်၊ ကျေးရွာအုပ်စုအထိလည်း ရေအားလျှပ်စစ်သွယ်တန်းပြီး နေရာတိုင်းတွင် လျှပ်စစ်မီးများ လင်းထိန်လျက်ရှိနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်းခေတ်မီနည်းစနစ်ဖြင့် ရောဂါကာကွယ်ကုသ ခွင့်ရရှိစေဖို့ ဆေးဝါးဆိုင်ရာပစ္စည်းကိရိယာများ အလုံအလောက်ရှိစေဖို့နှင့် ဆေးရုံ၊ ဆေးခန်းများကို လိုအပ်သလိုဆောက်လုပ်ပြီး အခြားတစ်ဖက်မှာလည်း တိုင်းရင်းဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာလည်း ကမ္ဘာ့ အဆင့်မီပညာရေးစနစ်ကို ထူထောင်ပြီး နိုင်ငံသားတိုင်း အခြေခံပညာရေးကို အခမဲ့မသင်မနေရသင်ကြားဆည်းပူးစေ၍ အထက်တန်းပညာရပ်များကို လွတ်လပ်စွာ မိမိဝါသနာအလျောက် စိတ်အားထက်သန်တဲ့ ပညာရပ်များကို ရွေးချယ်သင်ကြား နိုင်ဖို့ ဖန်တီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။




(၇) တိုင်းရင်းသား လူမျိုးစုများရဲ့ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာများ တိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင် ပေးသွားမှာဖြစ်ပါတယ်။ လူမျိုးတစ်မျိုး ရပ်တည်နိုင်ဖို့ဟာ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကား စသည်များ ရှိဖို့လိုပါတယ်။ ရှိပြီးသားယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ၊ အဲဒီလူမျိုးတွေရဲ့ လူနေမှုအဆင့်အတန်း၊ အတွေးအခေါ်၊ အယူအဆ၊ အမြော်အမြင်များလည်း သိသိသာသာ တိုးတက်ဖွံ့ဖြိုး လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ တိုင်းရင်းသားလူမျိုးများ အင်မတန်မြတ်နိုး တန်ဖိုးထားတဲ့ မိမိတို့ရဲ့ စာပေယဉ်ကျေးမှုများကို အထူးဂရုပြုထိန်းသိမ်းသွားနိုင်ဖို့ အားပေးအားမြှောက်ပြုရင်း၊ တိုင်းရင်းသားလူမျိုးများရဲ့ ချစ်ခင်ရင်းနှီးမှု၊ ကြည်ညိုလေးစားမှု၊ ယုံကြည်အားကိုးမှု၊ စည်းလုံးညီညွတ်မှုများ အပြန်အလှန်ရယူတည်ဆောက်ပြီး အစွမ်းကုန်ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။

လူထုလူတန်းစားများအပေါ် ကျွန်တော်တို့ရဲ့ သဘောထားနဲ့ အမြင်ကတော့ ပြည်သူ့ဝန်ထမ်းများဟာ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးကို အချိန်ပြည့်အလုပ်အကျွေးပြုရတဲ့ အမာခံအင်အားစုများဖြစ်ကြပါတယ်။ ရသင့်ရထိုက်၊ ခံစားသင့်ခံစားထိုက်တဲ့အခွင့်အရေးများ၊ အပြည့်အဝရရှိခံစားနိုင်ဖို့ အစွမ်းကုန်အားပေးသွားမှာဖြစ်ပါတယ်။ အလုပ်သမားများအနေနဲ့ ကာယ၊ ဉာဏ၊ ဝီရိယ၊ စွမ်းအားနဲ့အညီ အလုပ်လုပ်သလောက် လုပ်အားတန်ဖိုး အပြည့်အဝရရှိခံစားစေဖို့နဲ့ အိုမင်းမစွမ်းဖြစ်တဲ့အခါမှာ ဘဝအာမခံချက်ရရှိဖို့ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့ မဟာအင်အားစုကြီးဖြစ်တာမို့၊ လယ်ယာလုပ်ငန်းခွင်မှာ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ လယ်ယာထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်လာစေဖို့၊ လယ်လုပ်သူလယ်ယာပိုင်ဆိုင်ခွင့်ရှိဖို့၊ ဆန္ဒအလျောက်စိုက်ထုတ်ပြီး ဆန္ဒအလျောက် လွတ်လပ်စွာရောင်းဝယ်ဖောက်ကား၊ သိုလှောင်ကြိတ်ခွဲ၊ ဖြန့်ဖြူးပိုင်ခွင့်ရှိဖို့နဲ့ အခြားတစ်ဖက်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ်သို့ ပြောင်းလဲဖို့လိုအပ်တဲ့ ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝရရှိဖို့ ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

နောင်တစ်ခေတ်နိုင်ငံတော်ရဲ့ ခေါင်းဆောင်လောင်းများဖြစ်ကြတဲ့ လူငယ်လူရွယ်များတို့ကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူကောင်းလူတော်၊ နိုင်ငံသားများဖြစ်ပေါ်လာဖို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကာကွယ်ရေး၊ လုံခြုံရေးလုပ်ငန်းများမှာ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းပြီး အရွယ်ရောက်မိန်းကလေး၊ ယောကျ်ားလေးများတို့ကို အခြေခံစစ်ပညာ တတ်ကျွမ်းအောင်သင်ကြားစေပြီး အစဉ်နုပျိုရှင်သန်ခေတ်မီတဲ့ တပ်မတော်ကြီးဖြစ်လာဖို့ အားပေးကူညီသွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများနဲ့ ဒီမိုကရေစီလိုလားကြတဲ့ ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ရွေးကောက်ပွဲဝင်သင်္ကေတအထိမ်းအမှတ်တံဆိပ်ဟာ သမိုင်းဝင် ‘လွေးမူးတောင်’ခေါ် တောင်သုံးလုံး၊ အလယ်တောင်ထိပ်ပေါ်တွင် ကြယ်ဖြူကြီးတစ်ပွင့် ထွန်းတောက်နေတဲ့ သင်္ကေတ အမှတ်တံဆိပ်ဖြစ်ပါတယ်။ အဲဒီလွေးမူးတောင်ဟာ ကျွန်တော်တို့ ‘ဝ’လူမျိုးများ အမြတ်တနိုး တန်ဖိုးထားပြီး တလေးတစားပြုရတဲ့ သမိုင်းဝင်တောင်ဖြစ်ရုံသာမကဘဲ ရှေးယခင် ‘ဝ’ ဘိုးဘေးဘီဘင်ခေတ်ကတည်းက ‘ဝ’ နယ်မြေအတွင်းတွင် ဖြစ်ပေါ်လာသမျှ အထွေထွေသော ပြဿနာရပ်ပေါင်းမြောက်မြားစွာတို့ကို အဲဒီလွေးမူးတောင်ခြေမှာ လာရောက်စုစည်းတိုင်တည်စီရင်ဆုံးဖြတ်ကာ အလုံးစုံသော ပြဿနာရပ်ကြီးငယ်တို့ကို ပြေလည်ငြိမ်းအေးစေတဲ့ မင်္ဂလာရှိပြီး သမိုင်းဝင်ငြိမ်းချမ်းရေးတောင်ဖြစ်ပါတယ်။

ကြယ်ဖြူကြီးတစ်ပွင့်ကတော့ စင်ကြယ်ရိုးသားမနောဖြူတဲ့ ‘ဝ’အမျိုးသားတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုနဲ့ တစ်စိတ်တစ်ဝမ်းတည်းအတူ ပူးပေါင်းနေထိုင်ကြလျက် ချစ်ချစ်ခင်ခင် ရှိကြတာကိုဖော်ညွှန်းတဲ့ သင်္ကေတဖြစ်ပါတယ်။ အထိမ်းအမှတ်တံဆိပ်ကိုကဗျာဆန်ဆန် ဖွဲ့ဆိုရမယ်ဆိုရင် **‘ထွန်းတောက်ကြယ်စင်-လွေးမူးထိပ်တွင်၊ ကျော်ကြားသည်ကား ‘ဝ’ အမျိုးသား ’**ဆိုတဲ့ သဘော ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့ ဒီမိုကရေစီ လိုလားကြတဲ့ မိဘပြည်သူများခင်ဗျား-**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးတစ်ရပ်ပေါ်ထွန်းလာဖို့အတွက် ကျွန်တော်တို့ ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ အခြေခံမူ၊ ရည်ရွယ်ချက်များနဲ့လုပ်ငန်းစဉ်များကို ပြည်သူများသို့ချပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ တည်ကြည်ပြတ်သားတဲ့နိုင်ငံရေးအမြင်၊ နိုးကြားတက်ကြွတဲ့ အသိစိတ်ဓာတ်ဖြင့် အသေအချာစိစစ်ဝေဖန်သုံးသပ်ပြီး ဆင်ခြင်တုံတရားနဲ့ ‘မူကောင်းရယ်၊ လူကောင်းရယ်’ကို နိုင်ငံတော်အကျိုး၊ ဒေသအကျိုးအတွက် ရွေးရှုပြီး အမှန်တကယ် သယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် ‘လူကောင်း၊ လူတော်’ များအတွက် မိမိတို့ရဲ့အသည်းကြားထဲက မဲတစ်ပြားကို တန်ဖိုးထားကာ အကျိုးရှိရှိ အသုံးချပြီး ရွေးကောက်တင်မြှောက်ပေးကြပါစို့လို့ တိုက်တွန်းပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# တအာင်း (ပလောင်) အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

**တအာင်း(ပလောင်)အမျိုးသားပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးမိုင်းအုဏ်းခိုင်နှင့် ပါတီဗဟိုကော်မတီဝင် ဦးလှဖေတို့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ တအာင်း(ပလောင်)အမျိုးသားပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ပါတီရဲ့မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။

ဦးစွာတအာင်း(ပလောင်)အမျိုးသားပါတီကို မိတ်ဆက်တင်ပြလိုပါတယ်။ ကျွန်တော်တို့တအာင်း(ပလောင်)အမျိုးသားပါတီကို ၂၀၁၀ ခုနှစ် မေလ ၂၄ ရက်နေ့ မှတ်ပုံတင်အမှတ်(၁၂)ဖြင့် ဖွဲ့စည်းထူထောင်ခွင့်ရရှိခဲ့ပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းလုံးမည့်ပါတီတစ်ခုဖြစ်ပါတယ်။ ပါတီရဲ့ အခြေခံမြို့နယ်များအဖြစ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ-လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ္မတူမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကလောမြို့နယ်၊ မန္တလေးတိုင်းမှာ မန္တလေးခရိုင်နဲ့ မိုးကုတ်မြို့နယ်၊ ရန်ကုန်တိုင်းမှာ ရန်ကုန်မြို့တို့ဖြစ်ပါတယ်။

ပလောင်တိုင်းရင်းသားများ စုစည်းနေထိုင်လျက်ရှိကြတဲ့ ရှမ်းပြည်နယ်မှာ မိုင်းရှူးမြို့နယ်၊ တန့်ယန်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ ကချင်ပြည်နယ်မှာ ဖားကန့်မြို့နယ်တို့မှာလည်း ထပ်မံတိုးချဲ့ပြီး စည်းရုံးဖွဲ့စည်းသွားဖို့ စီစဉ်လျာထားပါတယ်။

**ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ပလောင်တိုင်းရင်းသားများဟာ မွန်ခမာအုပ်စုဝင်ဖြစ်ကြပြီး မွန်၊ ဝ၊ ပလောင်လူမျိုးတို့အလွန်နီးစပ်ကြတဲ့ သွေးချင်းသားရင်းများဖြစ်ကြပါတယ်။ မြန်မာနိုင်ငံအတွင်း ဦးစွာဝင်ရောက်အခြေချနေထိုင်လာခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ ပလောင်လူမျိုးတို့ဟာ ရှေးအစဉ်အဆက်ကတည်းက ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားအပေါင်းတို့နဲ့ အေးအတူပူအမျှ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါတယ်။

ကျွန်တော်တို့ပလောင်လူမျိုးများတို့ဟာ မွန်ခမာအုပ်စုဝင်အဖြစ် အာရှတိုက်အလယ်ပိုင်းကုန်းမြင့်၊ မြေပြန့်များမှာ အခြေချနေထိုင်ကြရာမှ တောင်ဘက်သို့ တရွေ့ရွေ့ဆင်းသက်လာကြပြီး မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်လာကြသည့် တိုင်းရင်းသားလူမျိုးစုများအနက် မွန်၊ ဝ၊ ပလောင်လူမျိုးတို့က ရှေးဦးဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်၊ ဝ၊ ပလောင်လူမျိုးတို့ဟာ အာရှတိုက်အလယ်ပိုင်း တရုတ်ပြည်အနောက်ပိုင်းကုန်းမြင့်ဒေသများမှ တောင်ဘက်သို့ ဆင်းသက်လာကြပြီးလျှင် မဲနန်မြစ်ဝ၊ မဲခေါင်မြစ်ဝအရပ်ဒေသတို့တွင်လည်းကောင်း၊ မွန်နှင့်ပလောင်တို့က ဧရာဝတီမြစ်ဝ၊ သံလွင်မြစ်ဝ၊ စစ်တောင်းမြစ်ဝအရပ်ဒေသများတွင် လည်းကောင်း၊ မြို့ရွာများတည်ထောင်ကာ အခြေချနေထိုင်ခဲ့ကြပါတယ်။ ပုဂံခေတ်မြန်မာနိုင်ငံတော်ကို ပျူ၊ မွန်၊ ပလောင်၊ ကရင်၊ တောင်သူ၊ သက်၊ ကဒူး၊ ချင်း၊ ရခိုင်၊ မြန်မာ၊ ရှမ်းတို့ပါဝင်ထူထောင်ကြောင်း မြန်မာ့သမိုင်းမှာအထင်အရှားဖော်ပြပါရှိပါတယ်။ **"ပလောင်"** ဟူသော အမည်နာမမှာမြန်မာအခေါ်အဝေါ်ဖြစ်ပါတယ်။ရှေးကျောက်စာများမှာ **'ပေါင်လောင်'**၊ **'ပေါက်လောင်'** ဟူ၍ ရေးထိုးဖော်ပြပါရှိပါတယ်။ ပလောင်လူမျိုးအားလုံးတို့က မိမိကိုယ် ကိုယ်တိုင် တအာင်း(Ta.arng)ဟူ၍ ခေါ်ဆိုကြပါတယ်။

တအာင်း(ခေါ်)ပလောင်လူမျိုးနွယ်များကို ပလောင်၊ ပလေး၊ ပလန်၊ အဲန်း၊ ရီအန်း၊ လွယ်၊ တိုင်းလွယ်၊ ယင်းနက်ဟူ၍လည်း ဒေသအလိုက် သုံးနှုန်းခေါ်ဝေါ်ကြပါတယ်။ ၎င်းတို့အားလုံးသည် ပလောင်မျိုးနွယ်စု များဖြစ်ကြသလို မိမိကိုယ်ကိုယ်တိုင် တအာင်း (Ta.arng) ဟူ၍သာ ခေါ်ဝေါ်ကြပါတယ်။ ပလောင်လူမျိုးတို့ဟာ **"အဖေနေမင်း၊ အမိ နဂါး"**မှ ဆင်းသက်ပေါက်ဖွားလာကြတဲ့ နေ-နဂါးမျိုးနွယ်လို့ ယုံကြည်ကြပါတယ်။

ကျွန်တော်တို့ ပလောင်လူမျိုးများတို့ဟာ လက်ဖက်ကို အဓိကစိုက်ပျိုးလုပ်ကိုင်အသက်မွေးဝမ်းကျောင်းကြတာကြောင့် **"ပလောင်နဲ့လက်ဖက်"** ကို ယှဉ်တွဲပြီး သိမှတ်ကြလျက်ရှိပါတယ်။ ဒါ့ကြောင့် **"လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နေ"** လို့ ဆိုရိုးစကားပင်ရှိပါတယ်။ တကယ်လက်ဖက်ကောင်းစားချင်တယ်ဆိုရင် ပလောင်တောင်တက်နေမှသာ တကယ့်လက်ဖက်ကောင်းစားရမယ်လို့ ဆိုထားတဲ့စကားဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ တအာင်း(ပလောင်) အမျိုးသားပါတီရဲ့အမှတ်တံဆိပ်ကို **(လက်ဖက်ညွန့်)**သင်္ကေတအဖြစ် ဖော်ပြခြင်းဖြစ်ပါတယ်။ ပလောင်လူမျိုးတို့က မိမိတို့ကိုယ်ကို "အဖနေမင်း၊ အမိနဂါး"မှ ပေါက်ဖွားဆင်းသက်လာကြပြီး **'နေ-နဂါး'မျိုးနွယ်**လို့ ယုံကြည်ထားကြတာကြောင့်လည်း ပါတီရဲ့အလံကို "မိုးကောင်းကင်ပြာနောက်ခံနဲ့ အလယ်မှာနေဝန်းနီ"အဖြစ် ဖော်ညွှန်းထားပြီး အဖနေမင်းကို ဂုဏ်ပြုဂုဏ်ဆောင်ထားခြင်းဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ပြည်သူ့လွှတ်တော်တစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး ဝင်ရောက်အရွေးခံရပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်သလို ဒေသခံတိုင်းရင်းသား မိဘပြည်သူများတို့ရဲ့လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။

ယခုလာမယ့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာလည်း တအာင်း(ပလောင်)အမျိုးသားပါတီက ရှမ်းပြည်နယ်မှာ နမ့်ဆန် မြို့နယ်၊ မန်တုံ မြို့နယ်၊ ကျောက်မဲ မြို့နယ်၊ နမ္မတူမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်း မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မန္တလေးတိုင်း မိုးကုတ်မြို့နယ်တို့မှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာဖြစ်ပါတယ်။ ၎င်း ရှစ်မြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅ ဦး စုစုပေါင်း ၂၇ ဦး ဝင်ရောက်အရွေးခံကြမှာဖြစ်ကြောင်း သတင်းကောင်းပါးရင်း မိဘပြည်သူအပေါင်းတို့ကို တင်ပြအပ်ပါတယ်။

တအာင်း(ပလောင်) အမျိုးသားပါတီကတော့ တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ရဲ့ လူမှုစီးပွားရေးဘဝ အစဉ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရရှိထားပြီးဖြစ်တဲ့ အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့ရေးနှင့် အမွေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးသွားနိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ ပြည်သူ့အုပ်ချုပ်ရေးစနစ်အဖြစ် ချမှတ်ထားတာဖြစ်လို့ ပြည်သူလူထုအပေါင်းတို့ရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာ အင်မတန်အရေးပါပါကြောင်း ယုံကြည်ခံယူထားပါတယ်။ မိဘပြည်သူများက မိမိသဘောကျနှစ်သက်ယုံကြည်တဲ့ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို လွတ်လပ်စွာရွေးချယ်နိုင်ရေးအတွက် အထွေထွေရွေးကောက်ပွဲကို ကျင်းပကြတော့မှာဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့်ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များရဲ့ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များအပေါ်လေ့လာဆန်းစစ်သုံးသပ်ပြီးတော့ လွတ်လွတ်လပ်လပ် မဲပေးရွေးချယ်ခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါလို့ လှုံ့ဆော်တိုက်တွန်းတင်ပြအပ်ပါတယ်။

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များတို့ကို သိရှိနိုင်ကြပါစေဖို့ရာကို ပါတီဗဟိုကော်မတီဝင် ဦးလှဖေ က ဆင်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား-။




**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-**

ကျွန်တော်ကတော့ တအာင်း(ပလောင်)အမျိုးသားပါတီ၊ ပါတီဗဟိုကော်မတီဝင် ဦးလှဖေဖြစ်ပါတယ်။ ယခုလို အခါသမယမှာ တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ရရှိတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်လှပါတယ်။ မိဘပြည်သူအပေါင်းတို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှစ်ဖြာသောမင်္ဂလာအပေါင်းပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ ယုံကြည်ချက်က **လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ကိုယ်ချင်းစာကရုဏာတရားထားရှိခြင်း၊ အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထွန်းကားရေးကို အခြေခံသော အမျိုးသားဝါဒကို ယုံကြည်ခံယူထားပါတယ်။**

တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ တိုင်းရင်းသားများအခွင့်အရေး၊ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်တိုင်ဖန်တီးခွင့်နဲ့ စစ်မှန်သောငြိမ်းချမ်းရေးတို့ကိုအာမခံတဲ့ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရည်မှန်းချက်ထားရှိပါတယ်။

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ်များကို အလေးထားတင်ပြလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုကြီးဖြစ်ပါတယ်။ ဒါ့ကြောင့် တည်တံ့ခိုင်မြဲသော သွေးစည်းညီညွတ်မှုကို အာမခံနိုင်တဲ့ စစ်မှန်သော ပြည်ထောင်စုကြီးဖြစ်ပေါ်ရေး၊ နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ တန်းတူညီမျှမှုအခွင့်အရေးအပြည့်အဝရရှိမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ကြီးရဲ့ နိုင်ငံရေးဖြစ်စဉ်များမှာ အားလုံးပါဝင်ခွင့်ရရှိစေရေးနဲ့ တန်းတူညီမျှမှု၊ အခွင့်အရေးများရှိကြရပါမယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အတူယှဉ်တွဲပြီး အေးချမ်းတည်ငြိမ်စွာ စုပေါင်းနေထိုင်လာကြတဲ့ ပြည်ထောင်စုကြီးမှာ လူမျိုးစုလူနည်းစု "ပကတိတည်ရှိနေခြင်း" ကို အသိအမှတ်ပြုရေးနဲ့ မတူကွဲပြားရှိနေခြင်းကို လေးစားအသိအမှတ်ပြုပြီးတော့ မတူကွဲပြားမှုအပေါ်အခြေခံသော စည်းလုံးညီညွတ်ရေး (Unity in Diversity)ကို ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားလက္ခဏာ (National Identity) ကာကွယ်စောင့်ရှောက်ရေးအတွက် ယဉ်ကျေးမှု လွတ်လပ်ခွင့် (Cultural self determination (or) Cultural Autonomy) အပြည့်အဝရရှိနိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လူသားတိုင်းမွေးရာပါ အခွင့်အရေးကို တန်ဖိုးထားပြီး အမျိုးသမီးများအား ဥပဒေဆိုင်ရာအခွင့်အရေးများ၊ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် အထူးဥပဒေများပြဋ္ဌာန်း၍ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန် ဆောင်ရွက်ကြရပါမယ်။

လူငယ်နှင့်နိုင်ငံရေးကဏ္ဍတွင် အမျိုးသားရေးအသွင်ဖြင့် လူငယ်အခွင့်အရေးများကို ဖော်ဆောင်ပေးပြီး လူငယ်လူရွယ်များ၏ အခန်းကဏ္ဍများကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ရပါမယ်။

နိုင်ငံတော်နှင့်နိုင်ငံသားအားလုံးအတွက်မှာ အရေးကြီးလှတဲ့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးအခန်းကဏ္ဍအား နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲတိုးတက်လာစေရန်နှင့် အမျိုးသားပညာရေးမူဝါဒ ချမှတ်နိုင်စေရန် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မိမိတို့ဒေသအတွင်းရှိ ကျောင်းများမှာ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအစဉ်အလာများကို ပြဋ္ဌာန်းသင်ကြားနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများနှင့် ကျေးလက်ပြည်သူများတို့၏ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စိုက်ပျိုးသော လယ်ယာမြေများကို အကာအကွယ်ပြုပေးသွားမှာဖြစ်ပါတယ်။ လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ပိုင်ခွင့်နှင့် ထွက်ရှိလာသောသီးနှံများတို့အား လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်အောင် ဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။

လူမှုဖွံ့ဖြိုးရေးများ လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများတို့နှင့် ပူးပေါင်းပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ အိမ်တွင်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အသေးစားငွေစုငွေချေး၊ တစ်အိမ်ထောင် (သို့မဟုတ်) တစ်ရွာထုတ်ကုန်တစ်မျိုးစနစ်၊ သောက်သုံးရေရရှိရေး၊ လမ်းတံတားဆောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ အလတ်စား/အသေးစား ကုန်ထုတ်လုပ်ငန်းများစသည်ဖြင့် လူထုစွမ်းအားအခြေပြု အကျိုးသက်ရောက်စေသည့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဖော်ဆောင်နိုင်အောင် ကြိုးပမ်းမှာဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးဖြစ်ထွန်းမှုဖြစ်စဉ်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စစ်မှန်သောတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာမှာ မိမိတို့လူ့ဘောင်အဖွဲ့အစည်းအတွင်း မတူညီမှုများနှင့် သဘောထားကွဲလွဲမှုများကို ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းထက် ကျော်လွန်သည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ဟူသော တွေ့ဆုံညှိနှိုင်းရေးနည်းလမ်းဖြင့် အဖြေရှာဖွေခြင်းကို ကြိုးပမ်းလုပ်ဆောင်သွားရပါမယ်လို့ ခံယူပါတယ်။

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ကြရာမှာ စနစ်တကျ မှန်မှန်ကန်ကန်အကောင်အထည်ဖော်လုပ်နိုင်ဖို့ရာအတွက် ပြည်သူလူထုတွေရဲ့ ပူးပေါင်းပါဝင်မှုများစနစ်တကျရှိဖို့နဲ့ မှန်ကန်သော လုပ်ဆောင်ချက်တွေဖြစ်လာစေဖို့တို့မှာ မိဘပြည်သူများရော ပါတီအဖွဲ့အစည်းများမှာပါတာဝန်ရှိတယ်လို့ ထင်မြင်ယူဆပါတယ်။

ဒီမိုကရေစီအလေ့အထရှင်သန်လာတာနဲ့အမျှ၊ တည်ငြိမ်ရင့်ကျက်လာတာနဲ့အမျှ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေ ထွန်းကားလာတာနဲ့အမျှ မိဘပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုတွေဟာ ပိုမိုစနစ်ကျလာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှုများကို များစွာဖြစ်ထွန်းလာစေမှာဖြစ်တယ်လို့ ယုံကြည်ပါကြောင်း ဒီနေရာကတင်ပြလိုက်ပါတယ်။

ဒီလာမယ့် ၂၀၁၅ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ တအာင်း(ပလောင်)အမျိုးသားပါတီ ဝင်ရောက်ယှဉ်ပြိုင်မယ့်နေရာတွေမှာ မိဘပြည်သူအပေါင်းတို့ရဲ့ ထောက်ခံအားပေးမှုကို ယုံကြည်အားကိုးပါကြောင်းနဲ့ မိဘပြည်သူအပေါင်းတို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း တအာင်း (ပလောင်)အမျိုးသားပါတီရဲ့ကိုယ်စား ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

**မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဒုတိယဥက္ကဋ္ဌ-၁ ဦးနိုင်လှအောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၁ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**




**မွန်ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူ ပြည်သားများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုလိုက်ပါတယ်-**

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၌ မွန်ကိုကိုယ်စားပြုသည့် ပါတီတစ်ခုရှိသင့်တယ်၊ ရှိလျှင်လည်း တစ်ခုတည်းသာရှိသင့်တယ်၊ ပြည်သူတို့၏ဆန္ဒနှင့်အညီ ၂၀၁၀ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ပါတီကိုစတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏နိုင်ငံရေးဝါဒသဘောထားကို တင်ပြပါမယ်-

(၁) ပြည်သူတစ်ရပ်လုံးဒီမိုကရေစီနှင့်လူ့အခွင့်အရေးအပြည့်အဝရရှိလာစေရန်၊
(၂) တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်၊
(၃) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊
(၄) စစ်မှန်သော ပြည်ထောင်စုပေါ် ထွန်းတည်တံ့ခိုင်မြဲရန်၊
(၅) အဂတိလိုက်စားမှုများနှင့်အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားရန်၊
(၆) လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်၊
(၇) ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ်ထွန်းကားလာရေးဆောင်ရွက်သွားရန်။

တို့ဖြစ်ကြပါတယ်။

ဒို့အပြင် ပါတီ၏မူဝါဒအတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသားတန်းတူရေး၊ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အပြည့်အဝအာမခံချက်ရရှိလာအောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တစ်ဖန် ၂၀၀၈ အခြေခံဥပဒေနှင့်စပ်လျဉ်းပြီး ညီနောင်တိုင်းရင်းသားပါတီများ၊ မဟာမိတ်ပါတီများ၊ ဒီမိုကရေစီအင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် အခြားသော ပြည်တွင်းပြည်ပတတ်သိပညာရှင်များတို့နှင့် လက်တွဲပူးပေါင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး တည်ဆဲဥပဒေများနှင့်အညီ ပြင်ဆင်သွားနိုင်ရန် တစိုက်မတ်မတ် ကြိုးစားသွားမည်ဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၁၀ ရွေးကောက်ပွဲ၌ လွှတ်တော်အသီးသီးတွင် ကိုယ်စားလှယ်ပေါင်း ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မွန်ဒေသအတွင်းရှိ ပြည်သူလူထုတို့ တစ်ခဲနက် ထောက်ခံမှုကြောင့် ၁၆ ဦး အနိုင်ရရှိခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အထိုက်အလျောက်ရရှိထားသည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော လမ်း၊ တံတား၊ ဆည်မြောင်း တာတမံများ၊ ဆေးရုံဆေးခန်းများ၊ ကျေးရွာလျှပ်စစ်မီးရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်ပြီးတော့ မူလပိုင်ရှင်များ ပြန်လည်ရရှိနိုင်ရန်ဆောင်ရွက်ရာ၌ အထိုက်အလျောက်အောင်မြင်ခဲ့သည့်အပြင် အစိုးရကျောင်းများတွင် မူလတန်းအဆင့်၌ ကျောင်းချိန်အတွင်း တိုင်းရင်းသားစာပေ၊ မွန်စာကို စနစ်တကျသင်ကြားနိုင်ရေးအတွက် အထူးဆောင်ရွက်ခဲ့ပါတယ်။ ဒါတင်မကသေးပါ၊ ရှေးဟောင်းမွန်မြို့ပြနိုင်ငံဖြစ်သော သုဝဏ္ဏဘူမိသထုံမြို့ဟောင်းကို ပြန်လည်တူးဖော်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့်အပြင် ရှေးဟောင်းမွန်မြို့ပြ စာတမ်းဖတ်ပွဲများဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မွန်တို့၏ရှေးဟောင်းသမိုင်းကိုလည်း ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

ဒို့အပြင် မွန်တစ်မျိုးသားလုံး ညီညွတ်ရေးသည် မွန်လူမျိုးများအတွက် အဓိကလိုအပ်ချက်ဖြစ်သည်ကို မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ အလေးအနက်ယုံကြည်ထားပါတယ်။ ပါတီမူဝါဒလုပ်ငန်းစဉ်များနှင့် မဆန့်ကျင်လျှင် မည်သည့်အဖွဲ့အစည်းနှင့်မဆို လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ သို့သော် ညီညွတ်ရေးဆိုသည်မှာ အလျင်စလိုနှင့် အချိန်တိုအတွင်း တည်ဆောက်နိုင်မည်မဟုတ်ရာ အခြေအနေအချိန်အခါနှင့် လိုက်လျောညီစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ညီနောင်တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ အတူတကွလက်တွဲပူးပေါင်းပြီး တန်းတူ၍ တရားမျှတသည့် မူလအခွင့်အရေးများရရှိနိုင်ရန် တိုင်းရင်းသားနိုင်ငံရေးပါတီပေါင်း ၂၂ ပါတီဖြင့် ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်းကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

ကျွန်ုပ်တို့ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပါတယ်။ အခြေခံဥပဒေပါ ပြည်နယ်ဥပဒေပြုခွင့်အာဏာပိုမိုရရှိနိုင်ရေး၊ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်မှ တိုက်ရိုက်ရွေးချယ်တင်မြှောက်နိုင်ရေး၊ အစိုးရကျောင်းများတွင် အလယ်တန်းအဆင့်ထိ ကျောင်းချိန်အတွင်း မွန်စာသင်ကြားနိုင်ရန်နှင့် ဒေသအတွင်းတက္ကသိုလ်ကောလိပ်များတွင် မွန်စာဌာနများဖွင့်လှစ်နိုင်ရေး၊ မွန်ဒေသများတွင်ရှိ အစိုးရဌာနရုံးများတွင် မွန်လူမျိုးဝန်ထမ်းခန့်အပ်နိုင်ရေး၊ ကျန်ရှိနေသေးသည့် သိမ်းဆည်းလယ်ယာမြေများ အပြည့်အဝပြန်လည်ရရှိနိုင်ရေးနှင့် ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုး၊ ပြည်သူလူထုအကျိုးရှိစေမည့် လုပ်ငန်းများကိုလည်း အခြေအနေအချိန်အခါနှင့်အညီ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်တွင် အချင်းချင်း အပြန်အလှန်တန်ဖိုးထားမှု၊ ယုံကြည်မှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင်လည်း တိုင်းရင်းသားအားလုံးနည်းတူ မွန်တိုင်းရင်းသားများလည်း တစ်တပ်တစ်အား ပါဝင်သွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။




အချုပ်အားဖြင့် ကျွန်ုပ်တို့၏မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် မိမိပါတီ၏ နိုင်ငံရေး သဘောထားနှင့်အညီ မူလလုပ်ငန်းဆောင်တာများကို လက်ရှိအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မွန်ဒေသနှင့် မွန်တစ်မျိုးသားလုံးအတွက် ကိုယ်စားပြုရပ်တည်ပြီး ပြည်သူတို့အတွက် ဆတက်ထမ်းပိုးဆောင်ရွက်သယ်ပိုးသွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုအပ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်ုပ်တို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကိုယ်စား တိုက်တွန်းပြောကြားလိုသည်မှာ-

အကြောက်တရားကင်းဝေးပြီး ချစ်ကြည်ရင်းနှီးစွာ ငြိမ်းငြိမ်းချမ်းချမ်း အတူတကွ အသက်ရှင်နေထိုင်သွားကြမည့် လူ့အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာစေရန်နှင့် သင့်ရဲ့မျှော်လင့်ချက် ပြည့်ဝဖို့ **“မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ”** ကို **“မဲ”** ပေးစို့. . . . .

တိုင်းရင်းသားပြည်သူအပေါင်း ကာယသုခ၊ စိတ္တသုခချမ်းသာနှစ်ဖြာသော အကျိုးတရားတွေနှင့် ပြည့်စုံနိုင်ကြပါစေ ဆုမွန်ကောင်းပြုလိုက်ပါတယ်။

**မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**

- လွတ်လပ်ခွင့်အတွက် လူတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- တန်းတူညီမျှရေးအတွက် လူတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- တရားမျှတရေးအတွက် လူတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- အခွင့်အရေးအမှန်ပေါ်ပေါက်ရန်အတွက် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- ပြောင်းလဲဖို့ ဟော့ ပြည်သူ့ပါတီဟော့ အိုပြည်သူ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ။

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီနှင့် ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) တို့၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၂ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့်ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ဖော်ပြသွားမည် ဖြစ်ပါသည်။ **(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်း သက်သေခံကတ်ပြား ရန်ကုန်တောင်ပိုင်းခရိုင်၌ ထုတ်ပေး

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ရန်ကုန်တောင်ပိုင်းခရိုင်မှ ပါဝင်အရွေးခံရမည့် လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်စားလှယ်လောင်း သက်သေခံကတ်ပြားထုတ်ပေးပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးက ကိုယ်စားလှယ်များ လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကိုးဦး၊ တိုင်းဒေသကြီးအမှတ် (၁) မှ ၄၅ ဦး၊ အမှတ် (၂) မှ ၄၅ ဦး စုစုပေါင်း ၁၄၇ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကိုယ်စားလှယ်များအား သက်သေခံကတ်ပြားများကို စိစစ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၁၂-၉-၂၀၁၅ (စနေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၁၅ | မင်းကွန်းဆရာတော်ကြီး၏ ထေရုပတ္တိမော်ကွန်း (ပဥ္စမဆယ်စုနှစ်) အပိုင်း- ၃ |
| ၆း၄၀ | ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ |
| ၇း၀၀ | နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း |
| ၈း၃၀ | Head Line NEWS |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၂း၃၅ | တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ် |
| ၁၃း၂၀ | “ပန်းပျိုးလက်တို့၏ သမာဓိနှလုံးသားများ” |
| ၁၄း၃၅ | “မြို့မငြိမ်း (၁၀၅) နှစ်ပြည့် အထိမ်းအမှတ် မန္တလေးမြို့မ တူရိယာအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်” (အပိုင်း-၅) |

**ညပိုင်း**

| | |
|---|---|
| ၁၅း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၅း၃၅ | Hyper Sports |
| ၁၆း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာတတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၁၆း၅၀ | “မိမိအခွင့်အရေးကို လက်လွှတ်မခံသင့်ပါ” |
| ၁၇း၃၅ | လူသားအားလုံးတိုးတက်ဖို့ စာတတ်မြောက်အောင် ကြိုးစားစို့ |
| ၁၈း၃၅ | Business News |
| ၁၉း၀၀ | **ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)** |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ဆန္ဒတူညီမဲပေးကြမည် လွတ်လပ်မျှတတူယှဉ်နွှဲ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ငြိမ်းချမ်းရေးအစီအစဉ် |
| ၂၁း၀၀ | ပြည်တွင်းသတင်း ပြည်သူ့နီတိ“စွမ်း” ဂီတတံခါးလေးဖွင့်ပါဦး |

# ဘားအံခရိုင်၌ တရားမဝင် လက်နက်/ခဲယမ်းများ လာရောက်အပ်နှံ

**ဘားအံ စက်တင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက်က တရားမဝင် လက်နက်/ ခဲယမ်းများ လက်ဝယ်ထားရှိခြင်းမပြုလုပ်ဘဲ သက်ဆိုင်ရာသို့ အမြန်ဆုံးအပ်နှံကြရန်တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်အပေါ် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ တာဝန်ရှိသူ အဆင့်ဆင့်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖြင့်ပူးပေါင်း၍ တရားမဝင်လက်နက် ခဲယမ်းများ လက်ဝယ်ထားရှိခြင်းနှင့် ပတ်သက်၍ ဟောပြောဆောင်ရွက်ခဲ့ရာ ဘားအံ မြို့နယ်တွင် တရားမဝင် တူမီးယမ်းထောင်းသေနတ် ၄၀၆ လက်၊ လှိုင်းဘွဲ့မြို့နယ်တွင် တရားမဝင် တူမီးယမ်းထောင်းသေနတ် ၂၇၅ လက်ကို တာဝန်သိပြည်သူများက သက်ဆိုင်ရာ နယ်မြေရဲစခန်းအသီးသီးသို့ လာရောက်အပ်နှံခဲ့သဖြင့် တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကလောနှင့် လောက်ကိုင်မြို့များ၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် သံလွင်စစ်ဆင်ရေးအား ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကလောမှ သာစည်သို့ မာရှောက်လိန်မောင်းနှင်ပြီး မောင်ဟိုက် လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ စက်တင်ဘာ ၁၀ ရက်က နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံမှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက်(၂)ရှိ ပျံကျယာယီအဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေရာ မယေ့ကော်ပါ ၁၆ ဦးထံမှ ဘိန်းဖြူ ၀ ဒသမ ၀၃၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ လောက်ကိုင်မြို့၊ ရပ်ကွက်(၂) ကော်မင်းလမ်းသွယ်(၆)လမ်း ကြက်သားအရောင်းဆိုင်ခန်းအမှတ်-၆၀၆ နေ မကျင်ရှန်ကြုတ်၏ နေအိမ်ကိုရှာဖွေရာ ဆိုင်ခန်းအတွင်း ဘိန်းဖြူ ၀ ဒသမ ၃၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



စက်တင်ဘာ ၁၀ ရက် ည ၁၀ နာရီခွဲက ယာဉ်မောင်း ဇာနည်ထွန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာန (လမ်း/တံတား) မှ သဲကျောက်တင် တစ်ပါထရပ်(ရွှေအိုရောင်) G/--- ဖြင့် ဘက်ဟိုးတင် နောက်တွဲတစ်စီး ကမ်းနားလမ်းဟောင်းအတိုင်းမောင်းနှင်လာစဉ် ဟုမ်းလမ်းမှတ်တိုင်အရောက်၌ ချိတ်ဆက်ထားသော ဘက်ဟိုးတင်နောက်တွဲမှာ ပြုတ်ထွက်သွားပြီး လမ်းတစ်ဘက်ခြမ်းတွင် တန်းစီရပ်ထားသော ယာဉ်ခုနစ်စီးကို ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့စဉ်။ ကိုကြီးတင်

# ကျောက်စိမ်းတုံး၊ ဖြတ်စအရွယ်မျိုးစုံ သိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၁၁**

နောင်ချိုမြို့အဝင် အေးရွားဝေါလ်တိုးဂိတ်အနီးတွင် အကောက်ခွန်ဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရွေ့လျားလှုပ်ရှားအဖွဲ့ လရ(၁) အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်နံနက် ၇နာရီက တရားမဝင်အကောက်ခွန်မဲ့ ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် စစ်ဆေးရေးဂိတ်သို့ အစစ်ဆေးခံရန် ဖြတ်သန်းဝင်ရောက်မောင်းနှင်လာသည့် (ALPHARD) ခဲရောင် 1E/--- ယာဉ်အားစစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ထို့နောက် ယာဉ်ကို အသေးစိတ်ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းကြမ်းခင်းပြားအောက်၌ အံဝှက်ပြုလုပ်ကာ သယ်ဆောင်လာသော ကျောက်စိမ်းတုံးဖြတ်စ အရွယ်မျိုးစုံ ၂၃၂ ကီလို(တန်ဖိုး ၂၃၂ သိန်း)ခန့် သိမ်းဆည်းရမိပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဖြ၁)**






**ပြည့်ကျော် စာသင်ဝိုင်း**
၁၀တန်း ၁၀ဦး ၅လပြတ် အထူးသီးသန့်ဖွင့်ပြီ – ကျောင်းသားလက်ခံပြီ
၂၀၁၆ – ၂၀၁၇ စာသင်နှစ်အတွက် ၉တန်း ၁၀တန်း ကျောင်းသားသစ်လက်ခံပြီ
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၉ ၂၈၆၇၂၇၊ ၀၉ ၂၅၀၀၀၈၉၆၀

**အမည်ပြောင်း**
ပုဏ္ဏားကျွန်း အထက တက္ကသိုလ်ဝင်တန်း(A)မှ ဦးကျော်ထွန်းမောင်၏သမီး မဦးဆန်းတင် ၁၁/ပဏတ(နိုင်)၀၉၄၄၆၃ အား မအေးမြတ်သွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးမြတ်သွယ်**

**7Stars(ရာထူးဝင်သင်တန်းကြီး)**
ဦးစီးအရာရှိ (၂၂၆) နေရာ (တက္ကသိုလ်တစ်ခုခုမှဘွဲ့)
(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
အပြည့်အစုံဆုံးမှတ်စုများရောင်းချပေးသည်။ နယ်သို့ပို့ပေးသည်။
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ။
09.789107733, 09.780080052, 09421052736, 09.799860155

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးမောင်စိန် ၁၁/စတန(နိုင်)၀၂၉၄၀၇၏ Passport No.A238339 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၆၁၃၂၂၇

**နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း**
ကျွန်မ ဒေါ်အမာကြည် ၇/ပမန(နိုင်)၀၈၉၀၀၂ (ဘ)ဦးတင်မြင့်နှင့် ဦးကျော်ဌေးဦး ၇/ပမန(နိုင်)၀၈၈၉၀၄ (ဘ)ဦးကျော်အေးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၅-၈-၂၀၁၅ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ဒေါ်အမာကြည်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဒေါ်အမာကြည် ၇/ပမန(နိုင်)၀၈၉၀၀၂**

**နေမင်းခြင်္သေ့ ရာထူးဝင်သင်တန်းကြီး**
★ ရွေးကောက်ပွဲ ကော်မရှင်
★ အပြည့်စုံဆုံးစာအုပ်များ နယ်သို့ပို့ပေးသည်။
★ ပြည်မြို့တွင်လည်း ကျောင်းခွဲဖွင့်လှစ်ပြီ။
အနော်ရထာအိမ်ရာအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊ Ice Berry ရေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း – ၀၉ ၄၂၀၀၄၂၂၀၀၊ ၀၉ ၂၅၃၀၃၃၉၂၃



**ဉာဏ်တော်အမြင့် (၄၅)တောင်ရှိ အင်ကြင်းစေတီတော်ကြီး တည်ထားကိုးကွယ်မှုတွင် ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ဆင်ဂေါင်းတောင်ပေါ်ရှိ ကျောက်နဂါးတွင် ဉာဏ်တော်(၄၅)တောင်ရှိ ပေ(၁၀၀)ပတ်လည် အာနန္ဒာပုံတူ အင်ကြင်းစေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် သာသနာရောင်ဝါထွန်းလင်းစေရန်ရည်သန်၍ ထူးမြတ်လှသော ကြုံကြိုက်သည့်အခါသမယတွင် အောက်ဖော်ပြပါ ပါရမီရှင်များထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ထာဝရကုသိုလ်ဒါနအဖြစ် ပါဝင်လှူဒါန်းနိုင်ရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တိုက်တွန်းအပ်ပါသည်-
- ဦးဇော်ဝင်းမြင့်၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဖုန်း-၀၇၁-၂၂၈၇၉၊ ၀၉-၄၄၈၅၄၀၄၃၀
- ဦးအောင်ချိန်၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၁၄၅၁၊ ၀၉-၄၃၀၀၉၆၂၈
- ဦးစိုးစိုးဇော်၊ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၀၊၀၉-၂၁၃၀၂၂၂
- ဦးအောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၇၁-၄၃၁၈၁၊ ၀၇၁-၄၃၁၈၂၊ ၀၉-၇၉၄၂၈၅၅၆၅
- ဦးဟန်တင်၊ လူသာသနာပြုပုဂ္ဂိုလ်၊ ဆင်ဂေါင်းတောင်(ကျောက်နဂါး)၊ မြောင်မြို့နယ်၊ ဖုန်း-၀၉-၄၄၈၅၄၀၃၇၉

**ဘဏ္ဍာငွေရှာဖွေရေးကော်မတီ**
**အင်ကြင်းစေတီတော်ကြီးတည်ထားကိုးကွယ်ရေးကော်မတီ**

# ပြည်သူများအတွက် အိမ်ရာအဆောက်အအုံနှင့်နေထိုင်မှုပြပွဲ

**ရန်ကုန် စက်တင်ဘာ ၁၁**



လူနေမှုဘဝပုံစံများက ပြောင်းလဲလာသည်နှင့်အမျှ လူမှုဘဝနေထိုင်မှုများနှင့် လိုက်လျောညီထွေရှိမည့် အိမ်ရာတိုက်ခန်းများလည်း လိုအပ်လာရာ ပြည်သူများ မိမိဘဝအခြေအနေနှင့် ကိုက်ညီရွေးချယ်နိုင်မည့် တတိယအကြိမ်မြောက် အိမ်ရာ အဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၅ ကို Dagon Exhibitions Limited က တာဝန်ယူစီစဉ်မှုဖြင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၀ ရက် နံနက်က စတင်ဖွင့်လှစ်သည်။

စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသမည့် ယင်းပြပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖွင့်လှစ်ပေးခဲ့သည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း ၆၀ မှ ပြခန်းပေါင်း ၁၂၀ ခင်းကျင်းပြသထားရာ ပြည်သူများလိုအပ်နေသော နေအိမ်၊ တိုက်ခန်းများကို စိတ်တိုင်းကျ အခမဲ့လာရောက်လေ့လာနိုင်သည်။

ပြပွဲတွင် အိမ်ရာအဆောက်အအုံပြခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးကို ပြသထားသည့် ပြခန်းများမှာ လာရောက်လေ့လာသူများအတွက် စိတ်ဝင်စားစရာ ဖြစ်စေမည် ဖြစ်သည်။ နေအိမ်တိုက်ခန်းများတွင် အသုံးပြုနိုင်သည့် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်နှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးအပြင် အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းများကိုလည်း ပြခန်းများဖြင့် ခင်းကျင်းပြသထားသည်။

ပြည်သူများအတွက် လူမှုဘဝနေထိုင်မှု အဆင့်အတန်းအလိုက် လိုအပ်သော အိမ်ရာ၊ တိုက်ခန်း၊ အိမ်အသုံးအဆောင် ပစ္စည်းများကို တစ်နေရာတည်း စုစုစည်းစည်း မြင်တွေ့လေ့လာနိုင်သော ယင်းပြပွဲကို သတ်မှတ်ပြပွဲရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(မြင်းမူ) မကြာမီဖွင့်မည်

**မြင်းမူ စက်တင်ဘာ ၁၁**

၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(မြင်းမူ) ကို မကြာမီဖွင့်လှစ်တော့မည် ဖြစ်သည်။ အဆိုပါ ဆေးရုံဖွင့်ပွဲမတိုင်မီ စက်တင်ဘာ ၁၀ ရက်ကစ၍ ကုသပေးနေကြောင်း သိရသည်။

လေငန်းရောဂါ၊ ခါးနာရောဂါ၊ လေးဖက်နာရောဂါ၊ အကြောအရိုးအဆစ်ရောဂါများလာရောက်ကုသနေသည်ကို တွေ့ရသည်။

ယနေ့တွင် အတွင်းလူနာ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး လာရောက်ကုသလျက်ရှိကြောင်း၊ ပြင်ပလူနာများမှာ တစ်ရက်ကို ၂၅ ဦးခန့် လာရောက်ကုသလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဦးနေအောင်က ပြောသည်။

တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းများ၏ တိုက်ခန်းများ၌ အဝီစိတွင်းမှ ရေရရှိနေပြီး မြို့ရေပေးဝေရေးလုပ်ငန်းမှလည်း မကြာမီ ရေရရှိမည်ဟု သိရသည်။

ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (မြင်းမူ)ဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**(၀၇၉)**

# ရွှေထည်ပစ္စည်းမျိုးစုံ ၁၈ မျိုးနှင့် ငွေကျပ် ၁၅ သိန်း ခိုးယူခံရမှု ဖမ်းဆီးဖော်ထုတ်

**နောင်ချို စက်တင်ဘာ ၁၁**

နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု နားရိုးကျေးရွာနေ ဒေါ်သန်းသန်းဌေးသည် စက်တင်ဘာ ၄ ရက် ည ၇ နာရီက အစ်မဖြစ်သူ ဒေါ်သန်းသန်းဦး၏ နေအိမ်သို့ သွားရောက်လည်ပတ်ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိစဉ် နေအိမ်နောက်ဖေးတံခါးမှာပွင့်လျက် အိပ်ခန်းအတွင်းထားရှိသော သံသေတ္တာအတွင်းမှ ငွေကျပ် ၁၅ သိန်းအပါအဝင် ရွှေထည်ပစ္စည်းမျိုးစုံ ၁၈ မျိုး၊ တန်ဖိုးငွေကျပ် ၁၂၂ သိန်း စုစုပေါင်း ငွေကျပ် ၁၃၆ သိန်းပျောက်ဆုံးသွားခဲ့သည်။

နောင်ချိုမြို့မရဲစခန်းသို့ ပျောက်ဆုံးကြောင်းတိုင်ကြားခဲ့ရာ မြို့မစခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင်နှင့်ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ကျေးရွာရှိ နေအိမ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဒဂ္ဂဝတီတံတား ရပ်စောက်-နောင်ချိုသွား ကားလမ်းတစ်လျှောက်ရှိ စားသောက်ဆိုင်များကို သွားရောက်စုံစမ်းရာ ပြစ်မှုကျူးလွန်သူ နှစ်ဦးဖြစ်သော အောင်ဝင်းထွန်း(ခ)အထွန်းနှင့် အောင်ထွန်းဦး (ခ)သားကြီးတို့ကို ကျောက်ဂူကျေးရွာအဝင် သစ္စာစားသောက်ဆိုင်သို့ ဈေးလာရောက်ဝယ်ယူစဉ် စခန်းမှူးနှင့် နယ်ထိန်းရဲ တပ်ဖွဲ့ဝင်များက လုံးထွေးဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ဝင်းထွန်း(ခ)အထွန်း၏ အင်္ကျီအိတ်ကပ်အတွင်းမှ ရွှေဒင်္ဂါးဆွဲကြိုးအဆက်ကို သိမ်းဆည်းရမိပြီး ပျောက်ဆုံးသွားသည့် ရွှေထည်ပစ္စည်းများကို ပြန်လည်ရရှိနိုင်ရေးအတွက် နောင်ချိုမြို့မရဲစခန်းက စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**(၀၆၁)**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)တည်ဆောက်ရေး လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား တံတားတည်ဆောက်ရေးဆိုင်ရာ Construction Agreement အား လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီက နေပြည်တော် Kempinski Hotel, Chindwin Room ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး H. E. Mr. Arkom Termpitayapaisith တို့က မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်ရေးအတွက် Construction Agreement ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပေးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂) သည် ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ကို ဆက်သွယ်ပေးမည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အရေးပါသော လမ်းကြောင်းပေါ်၌ တည်ရှိပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံအတွက်သာမက မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်း ဖြစ်သည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) သည် အရှည်မီတာ ၂၇၀၊ မြန်မာဘက်ခြမ်း ချဉ်းကပ်လမ်း ၃ ဒသမ ၆၀ ကီလိုမီတာနှင့် ထိုင်းနိုင်ငံဘက်ခြမ်း တံတားချဉ်းကပ်လမ်း ၁၇ ဒသမ ၂၅ မီတာဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

မြန်မာ့ကလေးငယ်များအတွက် အလှူငွေများ လှူဒါန်းရင်း မာရသွန်အပြေးပြိုင်ပွဲဝင်ကြစို့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် First Myanmar Investment Co.Ltd (FMI) တို့ပူးတွဲကျင်းပသည့်

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲ

YOMA YANGON INTERNATIONAL MARATHON 2016

ကျင်းပမည့်နေ့ရက် – ဇန်နဝါရီလ (၁၇) ရက် ၂၀၁၆ ခုနှစ် ၊ အမျိုးသားအားကစားရုံ (၁) သုဝဏ္ဏ၊ ရန်ကုန်မြို့။

စာရင်းပေးသွင်းရန်လိပ်စာ – FMI Center (Special Project Dept:) ၊ (၆) လွှာ ၊ အခန်း (၆၀၂) ၊ အမှတ် (၃၈၀) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဆက်သွယ်ရန်ဖုန်း – (၀၁) ၂၄၀၃၆၃ ၊ (၀၁) ၂၄၀၃၃၃ (လိုင်းခွဲ) ၁၂၄၁ / ၁၆၀၂ ၊ ၀၉၂၅၀၃၆၃၂၄၃

စာရင်းပေးသွင်းရန်အချိန် – တနင်္လာနေ့ မှ သောကြာနေ့ (နံနက် ၉နာရီ မှ ညနေ ၅နာရီ ထိ ၊ စာရင်းပိတ်ရက် – ဒီဇင်ဘာလ ၁၈ရက် ၂၀၁၅)

အောက်ဖော်ပြပါ ရိုးမဘဏ်ခွဲများတွင်လည်း ဘဏ်ဖွင့်ချိန်အတိုင်း စာရင်းပေးသွင်းနိုင်ပါသည်။

- မရမ်းကုန်းဘဏ်ခွဲ - တိုက်အမှတ်(၁၀၂)၊ အခန်း(၆၁၄)၊ ပြည်လမ်းမကြီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း - ၆၅၀၃၈၇၊ ၆၅၀၁၆၂။
- သဃ်န်းကျွန်းဘဏ်ခွဲ - တိုက်အမှတ် (အေ-၃၀၀၅-၆) ၊ မြေညီထပ်၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၅၇၀၆၉၇၊ ၅၇၈၈၂၄။
- မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ - အခန်းအမှတ် (၈၉၊၁၀၊၁၁)၊ တိုက် (D/E) ၊ ရွှေမြိုင်အိမ်ယာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - ၃၇၀၁၅၅၊ ၃၇၀၃၅၅။

❖ မြန်မာနိုင်ငံသားများအတွက် ပြိုင်ပွဲဝင်ကြေး ၈၀၀၀ ကျပ်

၁၅.၉.၂၀၁၅ မှ ၂၃.၁၀.၂၀၁၅ အတွင်း စာရင်းပေးသွင်းပါက ၅၀၀၀ကျပ်

လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးလာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

iGCSE အမှတ်တွေ ထွက်ပြီလား

"ဘယ်နိုင်ငံ၊ ဘယ်တက္ကသိုလ်၊ ဘယ်လိုဘာသာရပ်တွေလျှောက်လို့ရမလဲ"

CROWN EDUCATION Yangon • Myanmar

- iGCSE ရမှတ်တွေ နည်းလို့စိတ်မညစ်ပါနဲ့၊ ဆက်သွားလို့ရတဲ့ ပညာရေးလမ်းကြောင်းတွေရှိပါတယ်
- iGCSE အမှတ်များတဲ့သူတွေအတွက် Scholarship အစီအစဉ်နဲ့ တက္ကသိုလ်၊ ကျောင်းတွေအကြောင်း
- iGCSE ပြီးရင် တက္ကသိုလ်တန်းလျှောက်မလား၊ GCE'A', SAT အမှတ်တွေ ပြင်သင့်သလား
- iGCSE အမှတ်တွေနဲ့ စင်ကာပူ အစိုးရကျောင်းတွေလျှောက်လို့ရပြီလား
- iGCSE ပြီးရင် အကောင်းဆုံး ဘာတွေပြင်ဆင်မလဲ

Call Us : 01 527 838 09 730 40 688 09 732 56 965

ဆွေးနွေးမည့်သူ
ဦးအောင်ကျော်ဆန်း (EDUCATIONAL CONSULTANT)
British Council Education UK Agents Certificate Distinction

နေ့ရက် - စက်တင်ဘာ(၁၃)ရက်၊ အချိန် - (၁၀)နာရီမှ (၁၂)နာရီ နေရာ - CROWN Education Office

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ခ/၄၄၄၃ Dong Feng Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းဆွေ ၉/စကန(နိုင်)၀၂၉၄၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)၊ မူဆယ်မြို့**

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဆင်ကပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆဋ္ဌမတန်း၌ ပညာသင်ကြားနေသော ကျောင်းသူ မအေးအေးနွယ်နှင့် တတိယတန်း၌ ပညာသင်ကြားနေသော ကျောင်းသူ မရွှေဇင်ဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၁/ရကန(နိုင်)၀၂၀၂၃၈ ဖြစ်ပါကြောင်း။

# ရန်ကုန်အိုင်တီနှင့် မိုဘိုင်းပြပွဲတွင် မိတ်ဆက်ခဲ့သော စမတ်ဖုန်းမော်ဒယ်သစ်နှစ်မျိုး

***စက်တင်ဘာ ၄ရက်မှ ခြောက်ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သော Yangon ICT and Mobile Fair 2015 ပြပွဲတွင် ကွန်ပျူတာနှင့် အိုင်တီနည်းပညာဆိုင်ရာ ပစ္စည်းအမျိုးမျိုး၊ မိုဘိုင်းဖုန်းဟန်းဆက်နှင့် တက်ဘလက်အမျိုးမျိုးကို ပြည်တွင်းနည်းပညာကုမ္ပဏီများက ပြသခဲ့သည်။ အဆိုပါ စမတ်ဖုန်းဟန်းဆက်များမှ ပြင်ပဈေးကွက်တွင် ယခင်က ရောင်းချခြင်းမရှိသေးဘဲ ပြပွဲအတွင်း မိတ်ဆက်ခဲ့သည့် စမတ်ဖုန်းမော်ဒယ်သစ်နှစ်မျိုးကို ဖော်ပြလိုက်ပါသည်။***

**Asus Zenfone 2**

Asus မှ ထုတ်လုပ်ထားသော Zenfone စီးရီးစ်မှ နောက်ဆုံးထွက်မော်ဒယ်ဖြစ်သည်။ User Interface အပိုင်းတွင် ယခင် Zen ဖုန်းမော်ဒယ်များအပေါ် အခြေခံထားပြီး လုပ်ဆောင်ချက်အသစ်များ ထည့်သွင်းပေးထားကာ မြင်ကွင်းဒီဇိုင်းများကိုလည်း ပိုမိုကောင်းမွန်အောင် ဖန်တီးထားသည်။ နည်းပညာသစ်များစွာပါဝင်ပြီး ဖုန်းကို လှုပ်ရမ်းခြင်း၊ မျက်နှာပြင်ကို လက်ဖြင့်ခေါက်ခြင်းများဖြင့် လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်မည့် နည်းပညာများ၊ မျက်နှာပြင်တွင် စာလုံးများရေးခြင်း (Gesture)ဖြင့် အပလီကေးရှင်းများ ဖွင့်နိုင်မည့်စနစ်များ၊ ဖုန်းကို ကလေးငယ်များ ကိုင်တွယ်ချိန်တွင် မလိုအပ်သော အပလီကေးရှင်းနှင့် အချက်အလက်များကို ပိတ်ထားနိုင်မည့် Kid Mode စသည့် စနစ်များ ပါဝင်သည်။

မျက်နှာပြင် အရွယ်အစား ၅ ဒသမ ၅ လက်မရှိသော်လည်း ဘေးဘောင်များမှာ ကျဉ်းမြောင်းသဖြင့် ဖုန်းကိုယ်ထည်တစ်ခုလုံးအနေဖြင့် အခြား ၅ လက်မ မျက်နှာပြင်ဖုန်းများ၏ အရွယ်ခန့်သာရှိသည်။ ကိုယ်ထည်အရောင်မှာလည်း ငါးမျိုးရှိသဖြင့် ကြိုက်နှစ်သက်သည့်အရောင်ကို ရွေးချယ်နိုင်မည်ဖြစ်သည်။ ကင်မရာအနေဖြင့် 13 MP ရှိ နောက်ဘက်ကင်မရာနှင့် 5 MP ရှိ ရှေ့ကင်မရာများ ပါဝင်ပြီး ရုပ်ပုံအရည်အသွေးကို ကောင်းမွန်စွာရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်များနှင့် မှောင်နေသောနေရာတွင်ပင် အလင်းရောင်ရအောင် ရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်များ ပါဝင်သည်။ ထူးခြားချက်မှာ 13 MP ဖြင့် ရိုက်ထားသည့် ဓာတ်ပုံလေးပုံကို ပေါင်းစပ်၍ 52 MP အထိရှိသော ဓာတ်ပုံကိုရရှိအောင် ရိုက်ကူးနိုင်မည့် Super Resolution လုပ်ဆောင်ချက် ပါဝင်ခြင်းဖြစ်သည်။




အန်းဒရွိုက်ဗားရှင်းမှာ 5.0 Lollipop ဖြစ်ပြီး ဆင်းကတ်နှစ်ကတ်ထည့်သွင်းအသုံးပြုနိုင်ကာ အင်တာနက်အတွက် 3G နှင့် 4G LTE စနစ်ကိုပါ အထောက်အပံ့ပေးထားသည်။ CPU ကို Quad Core Processor အသုံးပြုထားပြီး ဖုန်းတွင်းမင်မိုရီမှာ 16GB, 32GB နှင့် 64GB သုံးမျိုးရှိကာ မင်မိုရီကတ်ကိုလည်း 64GB အထိ ထပ်စိုက်နိုင်သည်။ ဘက်ထရီအနေဖြင့် 3000 mAh Li-Po ဘက်ထရီပါဝင်သဖြင့် အချိန်ကြာမြင့်စွာ အသုံးပြုနိုင်မည့်အပြင် မိနစ် ၄၀ မျှ အားသွင်းရုံဖြင့် ၆၀ ရာခိုင်နှုန်းအထိ အားပြည့်နိုင်မည့် နည်းပညာများလည်း အသုံးပြုထားသည်။

**Vega Iron**

Vega Iron သည် ကိုရီးယား အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် လူသိနည်းသေးသော်လည်း နိုင်ငံတကာဈေးကွက်တွင် နာမည်ရနေသည့် အမှတ်တံဆိပ်တစ်ခုဖြစ်သည်။




မျက်နှာပြင်အကျယ် ငါးလက်မရှိပြီး ဖုန်းကိုယ်ထည်ကို သတ္တုကာဗာဖြင့် ပြုလုပ်ထားကာ ကိုယ်ထည်ဒီဇိုင်းပိုင်းကို အထူးကောင်းမွန်အောင် ပြုလုပ်ထားသည်ကို တွေ့ရသည်။ ဖုန်းဝင်လာချိန်တွင် လင်းလာမည့် မီးအလင်းရောင်ကို ကြိုက်နှစ်သက်သည့်အရောင် ရွေးချယ်ထားနိုင်မည့် ဖုန်းကိုယ်ထည်ထောင့်ဘက်ရှိ မီးလုံးကြောင့် ဒီဇိုင်းပိုမိုလှပသလို အသုံးလည်းဝင်သည်ကို တွေ့ရသည်။

မျက်နှာပြင်မှာ Super Amoled မျက်နှာပြင်ဖြစ်သဖြင့် အလင်းရောင်များသည့် နေရာမျိုးတွင်လည်း ကြည်လင်ပြတ်သားစွာ မြင်နိုင်မည်ဖြစ်သည်။ CPU အနေဖြင့် Quad core 1.7 GHz ကို အသုံးပြုထားပြီး ဖုန်းတွင်းမင်မိုရီ 32 GB ပါဝင်ကာ မင်မိုရီကတ်ကို 64 GB အထိ ထပ်မံထည့်သွင်းနိုင်သည်။ ကင်မရာအနေဖြင့် 13 MP နောက်ဘက်ကင်မရာနှင့် 2.1MP ရှေ့ကင်မရာများ ပါဝင်သည်။ ဘက်ထရီမှာ 3220 mAH ဖြစ်ရာ ဖုန်းပြောချိန်အနေဖြင့် ၂၂ နာရီခန့်အထိ ခံနိုင်ပြီး Stand by ထားပါက တစ်လနီးပါး အားသွင်းရန် မလိုဘဲထားနိုင်မည်ဖြစ်သည်။ အန်းဒရွိုက်ဗားရှင်းမှာ 4.4.2 Kitkat ဖြစ်သည်။ အင်တာနက်အသုံးပြုမှုအနေဖြင့် 3G နှင့် 4G LTE စနစ်များကို ထောက်ပံ့ပေးထားသည်။ **သူရဖြိုး**

## နည်းပညာသတင်းတိုများ

### ၂၀၁၆ ခုနှစ် မြန်မာအိုင်တီလမ်းညွှန် ထုတ်ဝေရန် လက်မှတ်ရေးထိုး

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)နှင့် Myanmar Marketing Research & Development Co.,Ltd(MMRD) တို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် မြန်မာအိုင်တီလမ်းညွှန် (Myanmar Information and Communication Technology Directory)ကို ထုတ်ဝေရန် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ လမ်းညွှန်ထုတ်ဝေရန်အတွက် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၄ ရက်က ကျင်းပခဲ့သော Yangon ICT and Mobile Fair 2015 ပြပွဲတွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

### Tokyo Game Show 2015 ပြပွဲသို့ မြန်မာဂိမ်းလုပ်ငန်းရှင်များ သွားရောက်ပြသမည်

ဂျပန်နိုင်ငံ Chiba မြို့၌ စက်တင်ဘာ ၁၇ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် Tokyo Game Show 2015 ပြပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းအနေဖြင့် သွားရောက်လေ့လာ၍ ပြည်တွင်းမှ ဂိမ်းများကို မြန်မာနိုင်ငံကိုယ်စားပြု Game Developer များမှ ဝင်ရောက် ပြသရန် စီစဉ်ထားကြောင်း သိရသည်။ ပြပွဲသို့သွားရောက်မည့် ကိုယ်စားလှယ်အဖွဲ့၏ စာနယ်ဇင်းရှင်းလင်းပွဲကို MICT Park ရှိ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၌ စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

**သူရဖြိုး**

# ကန်တော်မင်ပန်းခြံ ဦးထောင်ဘိုလမ်း မြေသားကျွံကျမှု အမြန်ပြုပြင်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၁**

ဒဂုံမြို့နယ် ဦးဝိစာရလမ်းဘက်မှ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဘက်သို့အသွား (ယခင်ကန်တော်မင်ပန်းခြံဘေး) ဦးထောင်ဘိုလမ်း ယာဉ်သွားလမ်းပေါ်၌ စက်တင်ဘာ ၆ ရက်က လမ်းမြေသားများ ကျွံကျမှုဖြစ်ခဲ့သည်။



လမ်းမြေသား ကျွံကျမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ စက်ယန္တရားကြီးများ၊ လူအင်အားဖြင့် အမြန်ဆုံးဆောင်ရွက်လျက်ရှိနေသည်။

ပြုပြင်ရေးလုပ်ငန်းခွင်မှ တာဝန်ခံက "ကျွန်တော်တို့ဌာနအနေနဲ့ ဖြစ်ဖြစ်ချင်းရက်မှာပဲ ပြုပြင်မှုလုပ်ငန်းစခဲ့ပါတယ်။ လမ်းအောက်မှာ ယခင်အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ မြောင်းဟောင်းတစ်ခုရှိပါတယ်။ နှစ်တွေကြာလာတော့ အုတ်တွေဆွေးပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့တာပါ။ အဲဒါကြောင့် လမ်းမြေသားတွေပါနိမ့်ဆင်းသွားရတာပါ"ဟု အဖြေထုတ်ပေးခဲ့သည်။

ယခုအခါမြောင်းဟောင်းအစား အနက်ခြောက်ပေ၊ အကျယ်လေးပေ ခြောက်လက်မရှိ မြောင်းအသစ်ဖြင့် အစားထိုးတည်ဆောက်လျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း ယာဉ်များပုံမှန်ပြန်လည်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## အထူးရဲတပ်ဖွဲ့ ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၁-** နေပြည်တော်ကောင်စီနယ်မြေအတွင်း ရွေးကောက်ပွဲကာလ အောင်မြင်စွာကျင်းပနိုင်ရန် အထူးရဲများ၏ တပ်ဖွဲ့ဝင်(အရာရှိ) နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၇ ရက်က နေပြည်တော်တိုင်း တပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ ဒုတိယရဲမှူးကြီး ကျော်တေဇ၊ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းချွန်၊ ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်းနှင့် မြို့နယ်မှူးများ၊ ရဲမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

## မှုခင်းအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်

**တာချီလိတ် စက်တင်ဘာ ၁၁**

ရဲတပ်ဖွဲ့ဝင်များနှင့် ရွှေတာချီလူမှုကူညီရေးအသင်းတို့ ပါဝင်သောလှည့်ကင်းအဖွဲ့သည် တာချီလိတ်မြို့ပေါ် ၁၁ ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံပြီး ရာဇဝတ်မှုများမဖြစ်ပွားစေရေး မှုခင်းကြိုတင်ကာကွယ်ရေးများဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှမင်း၏ ကြီးကြပ်မှုဖြင့် ရွှေတာချီလူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များနှင့် တာချီလိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်သန်း ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် ညမှစ၍ နေ့စဉ် တာချီလိတ်မြို့ပေါ်ရပ်ကွက်များ၌ လှည့်ကင်းများဖြင့် နယ်မြေလှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့ရှာဖွေခြင်း၊ ဧည့်စာရင်းများ စစ်ဆေးခြင်းနှင့်အတူ ရပ်ကွက်များရှိ မိဘပြည်သူများနှင့် တွေ့ဆုံ၍ ရဲတပ်ဖွဲ့က နယ်မြေအတွင်း လုံခြုံမှုရှိရန် လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အခက်အခဲ ပြဿနာများရှိပါက ရဲတပ်ဖွဲ့သို့ အကူအညီတောင်းခံနိုင်ကြောင်း၊ ရပ်ကွက်ရှိ ပြည်သူများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မန်းချောင်းဖြတ်ကူးစဉ် အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**မင်းဘူး စက်တင်ဘာ ၁၁**

မန်းရွှေစက်တော် မန်းချောင်းအတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့မှု စက်တင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့ကြောင်း ရွှေစက်တော်ရဲကင်းလုံခြုံရေးစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက်က ရွှေစက်တော်ရဲကင်းလုံခြုံရေးမှ ဒုရဲအုပ်သက်ဦးသည် ရွှေစက်တော်မန်းချောင်းအတွင်း လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးညွှန့်လှိုင် အသက်(၅၂နှစ်) ကျီးပင်ကန်ကျေးရွာ မင်းဘူး (စကု) မြို့နယ်နေသူသည် ၎င်း၏တူမဖြစ်သူ မခင်သက်နွယ်အား ဘုရားရွာသို့လိုက်ပို့ရန်အတွက် မန်းချောင်းရေအနက် ခြောက်ပေ၊ အကျယ် ကိုက် ၇၀ အတွင်းရှိ တရုတ်ဝဲအနီး ရေဖြတ်ကူးစဉ် ဦးညွှန့်လှိုင်မှာ ချောင်းအတွင်း မျောပါသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ မင်းဘူး(စကု) မြို့နယ် စကုနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးခြင်းနှင့် စုဝေးခြင်းလုပ်ငန်းစဉ်များ အသိပေးဆွေးနွေး

**ဝိုင်းမော် စက်တင်ဘာ ၁၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲဆွယ်စည်းရုံးမှုများကို နိုင်ငံရေးပါတီများက စက်တင်ဘာ ၈ ရက်တွင် စတင်ဆောင်ရွက်နေကြပြီဖြစ်ရာ မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးခြင်းနှင့် စုဝေးခြင်းများ ဆောင်ရွက်ရာ၌ ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်နိုင်ကြရေး အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဝိုင်းမော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဆမားခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်ထွန်းက နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးဟောပြောမှုများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက် (၁/၂၀၁၄) ပါ တားမြစ်ချက်များနှင့် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေးကို လည်းကောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် ကြေညာမည့် မဲဆန္ဒရှင်စာရင်းများနှင့် အဆိုပါစာရင်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဆန်ဆွန်က လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်းက ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် ပိုစတာ၊ ဗီနိုင်းများ ချိတ်ဆွဲကြော်ငြာသည့်အခါ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကာ တာဝန်ရှိသူများက ဆွေးနွေးဖြေကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီ ၁၃ ခုမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ၊ ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မိုးဃံကျ(မြစ်ကြီးနား)**

# မြန်မာနိုင်ငံတော်အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံရှိဘဏ်များက ပြည်ပကုန်သွယ်မှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ငွေလွှဲစာတမ်း (Letter of Credit) ထုတ်ပေးခြင်းအပေါ် နိုင်ငံတကာဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများက ယုံကြည်စိတ်ချမှု ရရှိစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အာမခံထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား Trade Finance Program အား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် Southeast Asia Department၏ ညွှန်ကြားရေးမှူးချုပ် Mr. James A.Nugentတို့က စက်တင်ဘာ ၉ ရက်က နေပြည်တော်ရှိဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

Trade Finance Program အစီအစဉ်သည် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်နေသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းများ၏ ကုန်သွယ်ရေးဆိုင်ရာ ငွေကြေးစီမံ ဆောင်ရွက်မှုများတွင် စွမ်းရည်မြှင့်တင်နိုင်ရေးတို့အတွက် အထောက်အကူဖြစ်စေမည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံဘဏ်များက စီမံဆောင်ရွက်နေသော လုပ်ငန်းစဉ်များတွင် နည်းပညာအကူအညီပေးရန်၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် အာမခံချက်များ ရရှိစေရန်နှင့် မြန်မာနိုင်ငံ၏ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့်ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် အထောက်အကူပြုမည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆွေးနွေး

**မင်းလှ စက်တင်ဘာ ၁၁**

အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သာယာဝတီခရိုင် မင်းလှမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ စက်တင်ဘာ ၉ ရက်က ကျင်းပသည်။ ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲမြင့်က ရွေးကောက်ပွဲဆိုင်ရာအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးက ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(ပြန်/ဆက်)**

# မောက်မယ်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ကုန်းလမ်းရပ်ကွက်၌ အာဟာရဖွံ့ဖြိုးမှုရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နို့တိုက်မိခင်များနှင့် ငါးနှစ်အောက်ကလေးငယ်များအား အာဟာရပြည့်ဝသော အစားအသောက်များ တိုက်ကျွေးခြင်းဆိုင်ရာများအကြောင်း အသိပညာပေးဟောပြောပွဲကို မောက်မယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အာအိုင်(Relief International)အဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒေါက်တာစိုင်းအောင်ဟိန်းက အာဟာရတိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍လည်း အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်များအား အကြမ်းဖက်မှုခံရခြင်းများကို အကာအကွယ်ပေး ကူညီဆောင်ရွက်ပေးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဟောပြောခဲ့သည်။



ထို့နောက် ငါးနှစ်အောက်ကလေးငယ်များကို ပဲနို့နှင့် ကြက်သားဆီချက်ခေါက်ဆွဲများ အာဟာရအဖြစ် ကျွေးမွေးခဲ့ပြီး နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများအား ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် ဗီတာမင် B1 ဆေးပြားများ၊ သံဓာတ်အားဆေးများနှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အသက် ၁၀၀နှင့်အထက် အဘိုးအဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများပေးအပ်

**ပေါင် စက်တင်ဘာ ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အသက် ၁၀၀နှင့် အထက် အဘိုးအဘွားများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ပွဲကို ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

မွန်ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်က ဂုဏ်ပြုခံအဘိုးအဘွားများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး အသက် ၁၀၀နှင့်အထက် အဘိုးလေးဦးနှင့် အဘွားသုံးဦးအား နိုင်ငံတော်သမ္မတက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုငွေတစ်ဦးလျှင် ကျပ်နှစ်သိန်းစီကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ထို့အပြင် အလှူရှင်များကလည်း အဘိုးအဘွားများအား ထပ်မံဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စွမ်းဆောင်ရည်မြှင့်မားရေး ဟောပြောဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေစဉ်အတွင်း ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားစေရေး ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က International Political Economy ခေါင်းစဉ်ဖြင့် ဝန်ထမ်းများသိရှိမှတ်သားသင့်သော Vision, Mission နှင့် Values များ၊ မိမိလုပ်ငန်းအပေါ် ထားရှိသင့်သည့်စိတ်ဓာတ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဖွဲ့စည်း

**ဖားကန့် စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကွမ်းဟဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ရှင်းလင်းခြင်းနှင့် ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးသန်း ဦးဆောင်သောအဖွဲ့ စက်တင်ဘာ ၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၄ ရွာ၌ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၄ ရွာအတွက် ရန်ပုံငွေ ကျပ်သိန်း ၄၂၀၀ မတည်ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ဝဇေ)**

# ရခိုင်ပြည်နယ် ငပလီမြို့ အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်

**သံတွဲ စက်တင်ဘာ ၁၁**

သံတွဲခရိုင် ငပလီမြို့အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲကို စက်တင်ဘာလ ပထမပတ်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်လွင်၊ သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးနှင့် သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ငပလီမြို့ အုပ်ချုပ်ရေးမှူးရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

# လာမည့်ပညာသင်နှစ်တွင် ငါးနှစ်ပြည့်ပြီး ကျောင်းစတင်တက်သည့် သူငယ်တန်းကလေးများသာ KG+၁၂ ကိုမီမည်

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမော်**

လက်ရှိဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ပညာရေးပြောင်းလဲမှု အစီအစဉ်များအရ လာမည့် ပညာသင်နှစ်တွင် စတင်မည့် KG+၁၂ တန်း သင်ရိုးညွှန်းတမ်းသစ်များနှင့်စပ်လျဉ်း၍ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား တင်ပြနိုင်ရန် နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦးအား သီးသန့်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

**မေး။ ။ သူငယ်တန်း+၁၂တန်း (KG+12) သင်ရိုးညွှန်းတမ်းအသစ်ကို လာမယ့် ပညာသင်နှစ်မှာ စတင်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ကျောင်းသားမိဘအချို့ကလည်း လက်ရှိပညာသင်နှစ်မှာ ပညာသင်ကြားနေတဲ့ အထက်တန်းကျောင်းသားတွေ အကျုံးဝင်တယ်ဆိုပြီး သို့လောသို့လော ဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး ဆရာကြီး။**

ဖြေ။ ။ လာမယ့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အသက်ငါးနှစ်ပြည့်ပြီး သူငယ်တန်းကလေးများကသာ သူငယ်တန်း+၁၂ တန်းကို မီမှာဖြစ်ပြီး လာမည့် ပညာသင်နှစ်မှာ သူငယ်တန်းကိုသာ သင်ရိုးအသစ်နဲ့စတင်သင်ကြားမှာဖြစ်ပါတယ်။ ယခု ကျောင်းတက်နေတဲ့ ကျောင်းသား ကျောင်းသူများအနေနဲ့ သူငယ်တန်း+၁၂ တန်းကို မမီပါဘူး။ မိဘပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရေးအတွက် အခြေအနေမှန်ကို အသိပေးပြောကြားလိုပါတယ်။

**မေး။ ။ လက်ရှိ သင်ရိုးညွှန်းတမ်းနဲ့ ဘယ်လိုကွာခြားမှုများရှိပါသလဲ။**

ဖြေ။ ။ သင်ရိုးညွှန်းတမ်းကို ပြည်တွင်းရော ပြည်ပပါ ပညာရှင်များရဲ့ ဆွေးနွေးပွဲမှာ စဉ်းစားပြီးတော့မှ နိုင်ငံရဲ့အခြေအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ကလေးတွေနဲ့၊ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်ချက်၊ နောက်ပြီးတော့ နိုင်ငံတကာရဲ့အခြေအနေနဲ့၊ နိုင်ငံတကာရဲ့လိုအပ်ချက်နဲ့ ဒါတွေကိုညှိပြီးတော့မှ နိုင်ငံတကာရဲ့စံနှုန်းတွေနဲ့ ချိတ်ဆက်မိတဲ့ သဘောကိုစဉ်းစားပြီး သင်ရိုးကိုရေးဆွဲပါတယ်။ အဲဒီသင်ရိုးဟာ ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားနဲ့ရေးဆွဲ



နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦး

ထားတဲ့ သင်ရိုးဖြစ်ပါတယ်။ သင်ရိုးအရ သူငယ်တန်းကို ပြမယ့် ဆရာတွေကို အားလုံးသင်တန်းပေးရမယ်။ ပြီးတော့မှ တစ်ပြည်လုံးမှာရှိတဲ့ သူငယ်တန်းတွေကို ဖြန့်ပြီးတော့ သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

ဘာသာရပ်အနေနဲ့သင်တာမျိုးမဟုတ်ဘဲ အင်တာနေရှင်နယ်ပေါ့လေ။ နိုင်ငံတကာရဲ့ကျင့်သုံးမှု၊ ကိုယ့်ဆီက ဘာသာရပ်ကိုသင်တဲ့သဘောမျိုးမဟုတ်ဘဲ ကလေးများရဲ့ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာ ကလေးများရဲ့ မိတ္တဗလလို့ခေါ်တဲ့ ပေါင်းသင်းဆက်ဆံမှု၊ ယဉ်ကျေးမှု၊ အထူးသဖြင့် ကလေးရဲ့ဖွံ့ဖြိုးမှုကိုယ်ပိုင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဆက်ဆံရေးပိုင်းဖွံ့ဖြိုးမှုကို အာရုံစိုက်ပြီးတော့ လေ့ကျင့်ပျိုးထောင်ပေးတဲ့ သဘောရှိပါတယ်။ ဧရိယာအားဖြင့် ခြောက်ပိုင်းရှိပါတယ်။ သူ့ကဧရိယာ ခြောက်ပိုင်းကိုရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဆက်ဆံရေးပိုင်း၊ နောက်ပြီးတော့ အခုနကဖွံ့ဖြိုးရမယ့်အပိုင်းအဲ့ဒီလိုဟာမျိုးပေါ့၊ ဘက်စုံပေါ့။ အကောင်းဆုံးအုတ်မြစ် ချပေးထားတာ။ စာသင်ပေးတဲ့သဘောမဟုတ်ဘူး။ အဘက်ဘက်ကဖွံ့ဖြိုးမှုကို ပျိုးထောင်ပေးတဲ့သဘောပဲ။ ကလေးရဲ့စိတ်နေ စိတ်ထားလေးတွေ၊ အကျင့်စာရိတ္တလေးတွေကို ယဉ်ယဉ်ကျေးကျေး ဖွယ်ဖွယ်ရာရာနဲ့သိမ်သိမ်မွေ့မွေ့ ပျော်ပျော်ရွှင်ရွှင် လေ့ကျင့်ပျိုးထောင်ပေးတာဖြစ်တယ်။ အဲ့ဒီလိုပျိုးထောင်ပေးမယ့်သူငယ်တန်းအတန်းမျိုး ဆောင်ရွက်မယ့် အစီအစဉ်ရှိပါတယ်။

**မေး။ ။ လက်ရှိဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံ ပညာရေးပြောင်းလဲမှု အစီအစဉ်ကို သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ ပညာရေးကိုပြုပြင်ပြောင်းလဲမှု လုပ်တဲ့နေရာမှာ မြန်မာစကားတစ်ခုရှိပါတယ်။ အခုရေတွင်းတူး အခုရေကြည်သောက်ဆိုတာမျိုး မဟုတ်ဘဲနဲ့ အချိန်ယူပြီးတော့ မြန်မာနိုင်ငံရဲ့ ပညာရေးတစ်ခုလုံးကို ပြန်လည်ပြီး သုံးသပ်ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးတစ်ခုလုံးဆိုတာ အခြေခံရော၊ အဆင့်မြင့်ရော၊ သက်မွေးပညာရောအားလုံးချုံပြီးတော့ သုံးသပ်ရပါတယ်။ အဲဒီသုံးသပ်တဲ့ကာလဟာ ၂၀၁၂ ခုနှစ် ကနေပြီးတော့ အခု ၂၀၁၅ ခုနှစ်ထိ သုံးနှစ်လောက်တော့ အချိန်ယူပါတယ်။ အဲ့ဒီကာလအတွင်းမှာ ပြည်တွင်းပြည်ပပညာရှင်တွေရော ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံက ပညာရှင်တွေပါ အားလုံးအချိန်ယူစဉ်းစားပြီးတော့မှ ဒါကိုဘယ်လိုဆောင်ရွက်မယ်ဆိုတာကို အကြံကောင်းဉာဏ်ကောင်းတွေစုစည်းတဲ့သဘောဖြစ်ပါတယ်။ အခုရှေ့ဘာကိုဆက်ပြီး ဆောင်ရွက်ရမလဲဆိုရင် မြန်မာနိုင်ငံရဲ့ အခြေခံပညာရေး၊ နောက်အဆင့်မြင့်ပညာရေး၊ သက်မွေးပညာရေး အဲဒီကဏ္ဍကို ဆက်လက်ပြီးတော့မဟာဗျူဟာစီမံကိန်းချပြီး ဆောင်ရွက်ဖို့ရှိပါတယ်။

ဒါကတော့ ဆောင်ရွက်မယ့်သဘောကို အချုပ်မျှပြောခြင်းဖြစ်ပါတယ်။ အခုလောလောဆယ်ကတော့ လာမယ့် ၂၀၁၆ ခုနှစ် ပညာသင်နှစ်မှာ အခြေခံပညာရဲ့ အဆင့်ဖြစ်တဲ့ မူလတန်းအဆင့်၊ မူလတန်းအဆင့်ရဲ့ ရှေ့ကသင်ကြားရေး အခြေခံဖြစ်တဲ့ သူငယ်တန်းပေါ့၊ သူငယ်တန်းဟာ မူလတန်းအဆင့်ရဲ့ အခြေခံအတန်းပေါ့၊ အခြေခံအတန်းကို သင်ရိုးအသစ်နဲ့ငါးနှစ်ပြည့်တဲ့ကလေးတွေကို သင်ရိုးအသစ်နဲ့ကျကျနန စနစ်တကျပြုစုပျိုးထောင်ဖို့ ရည်မှန်းထားပါတယ်။ ကလေးတွေကို ပညာရေးပြုစုပျိုးထောင်ဖို့ ၂၀၁၆ ခုနှစ် ဇွန်လမှာ သူငယ်တန်းကို အခြေခံအတန်းအဖြစ် အခြေခံပညာ မူလတန်းအဆင့်အဖြစ် ဖွင့်လှစ်ပါမယ်။ သင်ရိုးအသစ်နဲ့ သင်နိုင်အောင်၊ ဆရာတွေလည်း သေသေချာချာ လေ့ကျင့်ပြီး ဆရာလမ်းညွှန်ဆိုတဲ့ ဆရာကိုင်နဲ့တစ်ခါတည်း ကလေးတွေကိုပြုစုပျိုးထောင်ဖို့ ဖြစ်ပါတယ်။ အခုလောလောဆယ်မှာ ဒီသူငယ်တန်းတစ်တန်းပဲ လုပ်ဆောင်ဖို့ ရှိပါတယ်။ ဒီသူငယ်တန်းပြီးသွားမှ ပထမတန်းပေါ့၊ အဆင့်လိုက် အဆင့်လိုက် ဆောင်ရွက်သွားမှာဖြစ်တယ်။ **မိဘပြည်သူများကို အသိပေးထားချင်ပါတယ်။ ဒီဆောင်ရွက်ချက်ဟာ အခြေခံပညာရဲ့ တောင့်တင်းခိုင်မာမှု၊ အခြေခံပညာရဲ့ ပညာအရည်အသွေးကောင်းမွန်မှု ပညာအရည်အသွေးကောင်းမွန်တဲ့ အရည်အသွေးကို ပေးနိုင်အောင် ဘယ်ကနေအစပျိုးမလဲဆိုရင် ငါးနှစ်တာ သူငယ်တန်းကနေစပြီးတော့ အစပြုပါမယ်။ မြန်မာစကားလေးရှိပါတယ်။ အစကောင်းမှအနှောင်းသေချာ ဆိုတဲ့စကားရှိပါတယ်။ ကျွန်တော်တို့ကအစ ကောင်းတဲ့အကောင်းဆုံးအစကို ကြိုးပမ်းနေခြင်းဖြစ်ပါတယ်ဆိုတာ အများပြည်သူကို အလေးအနက် တင်ပြပါတယ်။**



## ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် ၉၀ ရာခိုင်နှုန်းပြီးစီး

**မြင်းမူ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ တိုးချဲ့လူနာဆောင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း၂၀၀၀ ဖြင့် မုံရွာမြို့ အေးချမ်းဆုစံ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ ယခုအခါ မြို့ပြလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

တိုးချဲ့လူနာဆောင်တွင် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ တာဝန်ကျဆရာ၊ ဆရာမနားနေခန်းလေးခန်း၊ သီးသန့်လူနာခန်းလေးခန်း၊ ခေတ္တလူနာခန်းတစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်းတို့ ပါရှိသည်။

ဆေးရုံတည်ဆောက်လုပ်ငန်းအားလုံးကို ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။ **(ဝ၇၉)**

## အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်

**မြိတ် စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ ဂတ်တောင်ကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၉ ရက်က မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူးပြီး ကျေးလက်နေအမျိုးသမီးလေးများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာအထောက်အကူပြု(ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ ဖန်စီ)ပစ္စည်းများပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ထွန်း၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ NGO အဖွဲ့ဝင်များနှင့် သင်တန်းသူ ၄၄ ဦး တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိမ်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျောက်ဖျားကျေးရွာအုပ်စုရှိ ကဘင်း၊ အဒွင်း၊ ကျောက်ဖျာ၊ ဝန်ဖို့၊ အထူးဆိပ်နှင့် လွတ်လွတ်ကျေးရွာတို့မှ သင်တန်းသူ အမျိုးသမီး ၄၄ ဦးတို့အား စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**




စက်တင်ဘာလပထမပတ်က မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းတွင် အသုံးပြုရန် လူနာတင်ယာဉ်တစ်စီးကို ဦးခင်မောင်တိုးနှင့် ဒေါ်သူဇာညွန့်မိသားစုက ပေးအပ်လှူဒါန်းရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို နာရေးကူညီမှုအသင်းဥက္ကဋ္ဌထံ ပေးအပ်စဉ်။ မေမိုးသဲ

## ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ရပ်မိရပ်ဖများနှင့် ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက်က အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်မိရပ်ဖများအား ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းရွှေက တဲကြီးကုန်းကျေးရွာအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းအဖွဲ့အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးမှူး ဦးတင့်ခိုင်ဦးက မြေငှားဂရန်ထုတ်ပေးရာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ရွှေကုက္ကို**

## စာပေမြင့်မှ လူမျိုးတင့်မည်

## မလေးရှားဖိတ်ခေါ် စက်ဘီးပြိုင်ပွဲ လူရွေးချယ်ပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် Mountain Bike (XC) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် စက်ဘီးသမားရွေးချယ်ပွဲကို စက်တင်ဘာ ၁၉ ရက်က နေပြည်တော် Mount Plesant စက်ဘီးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံလိုသူများ အနေဖြင့် ဖုန်း ဝ၉-၂၅ဝ၂ဝ၅၆၅၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဂျူဗင်တပ်စ်တို့ အမှတ်ပြည့်ရဖို့ ခက်ခဲဦးမယ့် စီးရီးအေပွဲစဉ်(၃)



အီတလီမြေက စီးရီးအေပွဲစဉ်(၃)ကိုတော့ စက်တင်ဘာ ၁၂ ရက်နဲ့ ၁၃ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ပါလိမ့်မယ်။ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကြောင့် မိခင်နိုင်ငံအသင်းတွေမှာ သွားရောက်ကစားနေကြတဲ့ ကစားသမားတွေလည်း ပြန်လည်ရောက်ရှိလာပြီမို့ အခုပွဲစဉ်မှာတော့ လူစုံပါဝင်ကစားနိုင်ကြတော့မှာ ဖြစ်ပါတယ်။ အဓိက ကစားသမားတွေကို ပွဲထုတ်ကစားကြမယ့် ထိပ်တန်းအသင်းတွေဟာ ဒီတစ်ပတ်ပွဲစဉ်တွေမှာ ရမှတ်ပြည့်ရှာဖွေနိုင်ကြမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ဂျူဗင်တပ်စ်နှင့် ချီယေဗို**

ဒီနှစ် စီးရီးအေအဖွင့်ပွဲစဉ်မှာ မိမိကွင်း၊ မိမိပရိသတ်ရှေ့မှောက်မှာ အူဒီးနိစ်အသင်းကို ရှုံးပွဲကြုံခဲ့သလို ပွဲစဉ်(၂)မှာလည်း ရိုးမားအသင်းကို ဆက်တိုက်ရှုံးခဲ့တဲ့ စီးရီးအေလက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အတွက် ဒီပွဲဟာ ကြီးမားတဲ့ စိန်ခေါ်မှုပါပဲ။ ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကလည်း ကျဆင်းနေပြီး အဆုံးသတ် မသေချာမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ အထိုင်မကျသေးဘဲ အမှားတွေရှိနေတဲ့ ဂျူဗင်တပ်စ်နောက်တန်းကလည်း အားရစရာမရှိပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်စ်ဟာ ဒီပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ နိုင်ပွဲစတင်ရအောင် အားထုတ်ပါလိမ့်မယ်။ အမာခံကစားသမားအပြည့်အစုံထုတ်ပြီး ခြေစွာနေတဲ့ ချီယေဗိုကို နိုင်ပွဲရရေးအစွမ်းကုန်ကြိုးစားမှာဖြစ်ပါတယ်။ ချီယေဗိုတို့ကတော့ ဒီနှစ်မှာ အံ့သြစရာကောင်းအောင် ခြေစွာနေပြီး အမ်ပိုလီကို သုံးဂိုး-တစ်ဂိုး၊ လာဇီယိုအသင်းကို လေးဂိုးပြတ်သွင်းကာ အောင်ပွဲတွေ ဆက်တိုက်ရယူနေပါတယ်။ အခုပွဲမှာလည်း ခြေစွမ်းမငြိမ်သေးတဲ့ ဂျူဗင်တပ်စ်တို့ အခွင့်ကောင်းယူပြီး နိုင်ပွဲဆက်တိုက်ရရေး ကြိုးစားမှာဖြစ်လို့ ချီယေဗိုတို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ဒီပွဲဟာ ရလဒ်ကောင်းကို အပြိုင်ဖော်ထုတ်မှာမို့ သရေရလဒ်ကိုလည်း ဦးတည်သွားနိုင်ပါတယ်။

**ဖီအိုရင်တီးနားနှင့် ဂျီနိုအာ**

အေစီမီလန်အသင်းကို အနိုင်ကစားခဲ့ပေမယ့် တိုရီနိုအသင်းကို အဝေးကွင်းမှာ ရှုံးပွဲကြုံထားတဲ့ ဖီအိုရင်တီးနားအတွက် အခုပွဲဟာ ခြေကုန်ဖွင့်ရမယ့်ပွဲပါပဲ။ ဂျီနိုအာတို့ကလည်း အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းတည်ငြိမ်သေးတာ မဟုတ်ပေမယ့် ပြိုင်ဘက်ကို အခက်တွေ့အောင် အားထုတ်နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲစလုံး သရေပွဲဖြစ်ထားတာမို့ အခုပွဲဟာ အဆုံးအဖြတ်ပေးမယ့်ပွဲဖြစ်လာပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင် ဖီအိုရင်တီးနားတို့အတွက် ပွဲကျပ်ဖြစ်ပေမယ့် အမှတ်ပြည့်ရနိုင်တဲ့ပွဲပါပဲ။

**ဖရိုစီနိုနီနှင့် ရိုးမား**

ဒီနှစ် ရာသီအဖွင့်ပွဲစဉ်တွေမှာတော့ ရိုးမားတို့ ခြေစွမ်းကောင်းပြသနေပါတယ်။ ဂျူဗင်တပ်စ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အိမ်ကွင်းမှာ အနိုင်ယူခဲ့တဲ့ ရိုးမားဟာ စီးရီးအေဖလားရယူရေးအထိ မျှော်မှန်းနေတာမို့ အခုပွဲမှာ တန်းတက်ဖရိုစီနိုနီတို့အတွက် မျှော်လင့်ချက်မဲ့သွားစေနိုင်တဲ့ ပွဲပါ။ အဝေးကွင်းဆိုပေမယ့် တိုက်စစ်ဖွင့်ပြီး ဂိုးရရှိရေး ကြိုးစားလာမယ့် ရိုးမားရဲ့ ဝါရင့်၊ သမ္ဘာရင့် တိုက်စစ်မှူးတွေကိုဖရိုစီနိုနီခံစစ်မှူးတွေ ရေရှည်တောင့်ခံဖို့ မလွယ်ပါဘူး။

**ဗီရိုနာနှင့် တိုရီနို**

ဗီရိုနာရဲ့စီးရီးအေအဖွင့်ပွဲစဉ်မှာ ရိုးမားလိုအသင်းကို တစ်ဂိုးစီသရေပွဲကစားခဲ့တဲ့ ခြေစွမ်းက သတိပြုစရာဖြစ်ပေမယ့် ပွဲစဉ်(၂)မှာ ဂျီနိုအာကို နှစ်ဂိုးပြတ်ရှုံးခဲ့တာမို့ စိတ်တိုင်းမကျစရာပါပဲ။ ဒါပေမယ့် ဖရော့စီနွန်အသင်းကို အနိုင်ကစားခဲ့သလို ဖီအိုရင်တီးနားလို ခြေစွမ်းမာကျောတဲ့အသင်းကို အနိုင်ယူထားတဲ့ တိုရီနိုကို ဗီရိုနာတို့ ရင်ဆိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ အိမ်ရှင် ဗီရိုနာတို့ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာပါ။

**အန်ပိုလီနှင့် နာပိုလီ**

ဒီနှစ် စီးရီးအေမှာ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ ရှုံးပွဲ၊ သရေပွဲတွေနဲ့ ရင်ဆိုင်နေရတဲ့ နာပိုလီတို့ဟာ ပုံမှန်ခြေစွမ်းမရသေးတဲ့ အမ်ပိုလီနဲ့ ဆုံတွေ့ရတာမို့ သေသေချာချာကစားရင် အမှတ်ရနိုင်တဲ့ ပွဲပါပဲ။ နာပိုလီတို့ဟာ ရလဒ်တွေဆိုးရွားနေတာမို့ အခုပွဲမှာ နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ အမ်ပိုလီတို့က အိမ်ကွင်းဆိုပေမယ့် အမှတ်ရဖို့ ခက်ခဲပြီး ညှိသည်တို့ပဲ အနိုင်ရလဒ်ကိုရယူသွားဖို့ များပါတယ်။ ။

**မိုးမြင့်လင်းလက်**

# အင်္ဂလိုအမေရိကန်ဖလား ကျင်းပဖွယ်ရှိနေ

ပရီမီယာလိဂ်နဲ့ အမေရိကမေဂျာလိဂ်တာဝန်ရှိသူတွေဟာ အင်္ဂလိုအမေရိကန်ဖလားကျင်းပဖို့ ဆွေးနွေးနေပြီလို့ဆိုပါတယ်။ ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားဆွတ်ခူးနိုင်တဲ့ အသင်းတွေ ပါဝင်ဖွယ်ရှိပါတယ်။ ယခုအခါမှာ သက်တမ်း နှစ် ၂၀ ရှိလာပြီဖြစ်တဲ့ မေဂျာလိဂ်ဟာ လွန်ခဲ့တဲ့နှစ်များအတွင်း လူသိများခဲ့ပြီး ကမ္ဘာတစ်ဝန်းရုပ်မြင်သံကြားထုတ်လွှင့်မှုတွေလည်း တိုးတက်ခဲ့တယ်လို့ ဆိုပါတယ်။

မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးအသင်းတွေဟာ ရာသီအကြိုအဖြစ် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကူးပြီး လာရောက်ကစားခဲ့ကြတဲ့အတွက် အမေရိကန်မှာ ဘောလုံးကစားခြင်းကို စိတ်ဝင်စားမှုရှိလာပြီး တိုးတက်ခဲ့တယ်လို့ မေဂျာလိဂ်ကော်မရှင်နာ ဒွန်ကာဘာက ဆိုပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်တာအတွင်း ဒီဘောလုံး အသင်းသုံးသင်းဟာ အင်တာနေရှင် နယ်ချန်ပီယံရှစ်ပြိုင်ပွဲတွေမှာ ပါဝင်ကစားတဲ့အပြင် ဂရင်းနက်စ်အဖွဲ့ကြီးက ကြီးမှူးကျင်းပတဲ့ နှစ်ပတ်လည်ချစ်ကြည်ရေးပွဲတွေမှာလည်း ပါဝင်ကစားခဲ့ကြပါတယ်။ ပရီမီယာလိဂ် အကောင်းဆုံး ဘောလုံးအသင်းတွေနဲ့ မေဂျာလိဂ်ဘောလုံးအသင်းတွေ ပါဝင်တဲ့ ပြိုင်ပွဲတစ်ရပ်အဖြစ် အင်္ဂလိုအမေရိကန်ဖလားပွဲ ကျင်းပသွားဖို့ ဆွေးနွေးနေပြီဖြစ်ပါတယ်။




# ပေါင် ၃၈ သန်းရဖို့မျှော်လင့်ထားတဲ့ ဂွန်စတုန်း

အင်္ဂလန်နောက်တန်းကစားသမား ဂွန်စတုန်းကို ချယ်လ်ဆီးအသင်းက လေးကြိမ်တိုင်ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် အဲဗာတန်က ပယ်ချခဲ့ပါတယ်။ နောက်တန်းကစားသမား ဂွန်စတုန်းအနေနဲ့ အဲဗာတန်အသင်းက စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေတဲ့အတွက် လုပ်ခလစာအဖြစ် ပေါင် ၃၈ သန်းရရှိဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အသက် ၂၁ နှစ်သာရှိသေးတဲ့ ဂွန်စတုန်းက အဲဗာတန်နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ငြင်းဆိုဖွယ်ရှိနေပါတယ်။ သို့ပေမယ့် ဂွန်စတုန်းနဲ့ အဲဗာတန်တာဝန်ရှိသူတွေဟာ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ အင်္ဂလန်နောက်တန်းကစားသမား ဂွန်စတုန်းကို ချယ်လ်ဆီးက ယခုနွေရာသီကစားသမားခေါ်ယူဖို့ ကြိုးစားခဲ့တာပါ။ ချယ်လ်ဆီးရဲ့ နောက်ဆုံးကမ်းလှမ်းမှုမှာ ပေါင် ၃၈ သန်းဖြစ်ပါတယ်။ အဲဗာတန်က ချယ်လ်ဆီးရဲ့ ကမ်းလှမ်းမှုကို ပယ်ချပြီး စာချုပ်သစ်ချုပ်ဆိုဖို့ ကြိုးစားခဲ့ပါတယ်။ အဲဗာတန်နည်းပြ မာတီနက်ဇ်ကတော့ ဥရောပရဲ့ အကောင်းဆုံးနောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ဂွန်စတုန်းကို စာချုပ်သစ်ချုပ်ဆိုဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ သူဟာ လက်ရှိစာချုပ်အရ တစ်ပတ်ကို ပေါင် ၃၀၀၀၀ သာရပါတယ်။ အကယ်၍ ထပ်မံစာချုပ်ခဲ့ပါက သူ့ရဲ့ လုပ်ခလစာဟာ တစ်ပတ်ကို လက်ရှိလစာထက် နှစ်ဆမက ရရှိလိမ့်မယ်လို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# ပရီမီယာလိဂ်ဝင်ငွေအကောင်းဆုံး ကစားသမားများ

ပရီမီယာလိဂ်ရဲ့ ဝင်ငွေအကောင်းဆုံးကစားသမားတွေဟာ မန်ယူနဲ့ မန်စီးတီးမှာ ကစားနေကြတဲ့ ကစားသမားတွေပါဝင်ပါတယ်။ တိုက်စစ်မှူး ရွန်းနေဟာ လက်ရှိမန်ယူနဲ့ စာချုပ်အရ ပေါင် ၇၃ သန်းရရှိမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့ ဝင်ငွေအကောင်းဆုံးကစားသမား ၁၀ ဦးမှာ ငါးဦးက မန်စီးတီးမှာ ကစားနေကြတဲ့ ကစားသမားတွေဖြစ်ကြပါတယ်။ မန်ယူတိုက်စစ်မှူး ရွန်းနေဟာ ငါးနှစ်ခွဲစာချုပ်နဲ့ တစ်ပတ် ပေါင် ၂၆၀၀၀၀ ရရှိနေပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်ကစားသမားတစ်ဦးဟာ တစ်ပတ်မှာပျမ်းမျှ ပေါင် ၄၄၀၀၀ ရရှိနေပြီဖြစ်ပါတယ်။ တစ်နှစ်ပျမ်းမျှဝင်ငွေဟာ ပေါင် ၂ ဒသမ ၂၉ သန်းရှိပါတယ်။ နာမည်ကြီး ကလပ်တွေဟာ ကစားသမားတွေအတွက် ပေးရတဲ့လစာဟာ သာမန်အသင်းတွေထက်များပါတယ်။ ရွန်းနေကတော့ ပရီမီယာလိဂ်မှာ ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်ပါတယ်။ တစ်ပတ်ပေါင် ၂၆၀၀၀၀ အထိရရှိနေပါတယ်။ သူဟာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက ငါးနှစ်ခွဲစာချုပ်ထားတာကြောင့် သူ့ရဲ့စာချုပ်သက်တမ်းအရ မန်ယူမှပေါင် ၇၃ သန်းရရှိမှာဖြစ်ပါတယ်။




**ဝင်ငွေအကောင်းဆုံး ကစားသမားများ**

| | | |
|---|---|---|
| ၁။ | ရွန်းနေ(မန်ယူ) | တစ်ပတ်ပေါင် ၂၆၀၀၀၀ |
| ၂။ | အဂူရို(မန်စီးတီး) | တစ်ပတ်ပေါင် ၂၄၀၀၀၀ |
| ၃။ | ယာယာတိုရေး(မန်စီးတီး) | တစ်ပတ်ပေါင် ၂၄၀၀၀၀ |
